ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၂၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ၂၁-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်းက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ရွှေ့ပြောင်းရေလုပ်သားများကိစ္စဆောင်ရွက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်းနှင့် ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေးကိစ္စတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ(၁၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်မြို့မှတစ်ဆင့် မတူပီမြို့နှင့် ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်း စီမံကိန်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန် သို့မဟုတ် အလတ်စားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မင်းတပ်မြို့မှတစ်ဆင့် မတူပီမြို့နှင့် ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်း စီမံကိန်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန်

သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နှင့် လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ကျွန်တော် အခု မေးမြန်းရမယ့်မေးခွန်းကတော့ မတူပီမြို့နှင့် ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန် သို့မဟုတ် အလတ်စားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အချိန်လုံလောက်မှု မရှိပါက (၂)မိနစ်ခန့် တိုးမြှင့်ပေးပါရန် ကြိုတင် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့ပေါ် မီးလင်းရေးအတွက် နမ့်လောင်အလတ်စား ရေအားလျှပ်စစ်စက်ရုံကို ၁၉၉၂ ခုနှစ်တွင် (၂၀၀)ကီလိုဝပ်နှင့် ဘုံတလာရေအားလျှပ်စစ်စက်ရုံကို ၂၀၀၇ ခုနှစ်တွင် (၂၅၀)ကီလိုဝပ် စက်(၂)လုံး တပ်ဆင်ပေးပြီးမှ မီးပေးခဲ့ပါတယ်။ သို့သော်လည်း ပြုပြင်ထိန်းသိမ်းခြင်း အားနည်းမှုကြောင့် ယခုအခါ မကြာခဏ စက်ပျက်နေပါသဖြင့် ဒေသခံပြည်သူများ မီးမရသလောက်ဖြစ်နေပါတယ်။ မတူပီမြို့ပေါ်တွင် မြို့ပေါ်(၄)ရပ်ကွက်အပါအဝင် ခ.လ.ရ(၁၄၀)တပ်ရင်း၊ ခ.လ.ရ(၃၀၄)တပ်ရင်းနဲ့ မတူပီအခြေချ မတူပီစစ်ဗျူဟာတို့ကို တစ်ညခြားစီ ခွဲပြီးတော့မှ မီးကို ပြတ်တောက်ပြတ်တောက်နဲ့ ပေးနေရပါတယ်။ ဘုံတလာရေအားလျှပ်စစ်စက်ရုံဟာ ဆိုလို့ရှိရင် အမှန်မှာတော့ ခ.လ.ရ(၁၄၀)နဲ့ မတူပီအခြေချ မတူပီစစ်ဗျူဟာအတွက် သီးသန့် တည်ဆောက်ပေးထားတဲ့စက်ရုံ ဖြစ်ပါတယ်။ မြို့ပေါ်(၄)ရပ်ကွက်နဲ့ ခ.လ.ရ(၃၀၄)တပ်ရင်းအတွက် နမ့်လောင် ရေအားလျှပ်စစ်စက်ရုံမှ မီးပေးသော်လည်း တစ်ရက်ခြား အလှည့်ကျစီသာ မီးရရှိပါတယ်။ မတူပီမြို့ဟာ လျှပ်စစ်မီးပုံမှန်မရရှိလို့ GSM ဖုန်းလိုင်းတပ်ဆင်ဖို့တောင်မှ လျှပ်စစ်မီးမရလို့ နှောင့်နှေး ကြန့်ကြာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုနည်းတူ ရေဇွာမြို့သည်လည်း ၂၀၀၂ ခုနှစ်၊ မတ်လတွင် နိုင်ငံတော်က မြို့နယ်ခွဲအဖြစ် တိုးချဲ့ဖွင့်လှစ်ထားခဲ့ပြီး ဒီဇယ်စက်ဖြင့် မီးပေးခဲ့သော်လည်း ည(၇း၀၀)နာရီမှ (၉း၀၀)နာရီအထိ တစ်ရက်ကို (၂)နာရီသာမီးရသဖြင့် လုံလောက်မှု လုံးဝမရှိပါ။ အထူးသဖြင့် မိုးရာသီ လမ်းပန်းဆက်သွယ်ရေးမကောင်း၍ ဒီဇယ်များပြတ်လပ်ပြီး မီးမပေးနိုင်သောကြောင့် ပြည်သူများ အမှောင်ညများစွာကို ဖြတ်သန်းနေထိုင်ကြရပါတယ်။ ရေဇွာမြို့သည် အစိုးရရုံးစိုက်ရာ မြို့နယ်ခွဲဖြစ်ပြီး ဌာနဆိုင်ရာရုံးပေါင်းစုံနဲ့ လူဦးရေထူထပ်သောမြို့ ဖြစ်ပါတယ်။ မတူပီမြို့မှ ရေဇွာမြို့သို့ ကွေ့ကောက်သော တောင်ပေါ်လမ်းအတိုင်း (၆၇)မိုင်ဝေးသော်လည်း လျှပ်စစ်ဓာတ်အားကြိုးများ သွယ်တန်းမယ်ဆိုပါက မိုင်(၃၀)ခန့်သာ ကွာဝေးမယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုနည်းတူစွာပင် လိုင်လင်းပီမြို့သည်လည်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် နိုင်ငံတော်က မြို့အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအချိန်အထိ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါသဖြင့်၊ ပြည်သူများ မျှော်လင့်ချက်များစွာဖြင့် စောင့်ဆိုင်းနေပါတယ်။ လိုင်လင်းပီမြို့သည် မြို့ပေါ်(၄)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး တိုက်နယ်ဆေးရုံ၊ အစိုးရစာစစ်ဌာနတွေ ရှိပြီးတော့မှ လူဦးရေများပြားတဲ့မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများဟာလည်း ယနေ့တိုင် ဖယောင်းတိုင်မီးဖြင့်သာ စာကြည့်နေကြရပါတယ်။ ၎င်းမြို့သည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ဒေသတွင် တည်ရှိပြီးတော့မှ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ အလေးထား ဆောင်ရွက်ပေးပါရန် တင်ပြချင်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) မင်းတပ်မြို့မှ မတူပီ-ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) မတူပီမြို့နှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန် သို့မဟုတ် အလတ်စား လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း၊ အထက်ပါမေးခွန်း(၂)ခုကို အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်သွားမည်ကို ဒေသခံပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်မီးနှင့်ပတ်သက်ပြီးတော့ ဩဂုတ်လ ပထမအပတ်က ကျွန်တော် ဝန်ကြီးနဲ့တွေ့ပြီးတော့ ဝန်ကြီးဆီမှာ အကူအညီတောင်းခံတဲ့ အတွက် ဝန်ကြီးက ချက်ချင်းဆောင်ရွက်ပေးခဲ့လို့ ကျွန်တော်တို့ တမူးမြို့မှာ လျှပ်စစ်ဓာတ်အားလိုင်း အတွက် လိုနေတဲ့ လိုင်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ဝန်ကြီးက ထောက်ပံ့ပေးခဲ့တဲ့အတွက် ပြည်သူများရဲ့ကိုယ်စား၊ မီးလင်းရေးကော်မတီရဲ့ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့ဟာ မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက်ဒေသ၊ မြန်မာ-အိန္ဒိယနယ်စပ်မှာ တည်ရှိတဲ့ နယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးဆောင်ရွက်ရာမြို့ ဖြစ်ပြီးတော့ နိုင်ငံဘဏ္ဍာအမြောက်အမြား ရှာဖွေပေးနိုင်တဲ့ မြို့လည်းပဲ ဖြစ်ပါတယ်။ ဒေသခံပြည်သူများဟာ လယ်ယာစိုက်ပျိုးရေး၊ တစ်နိုင်တစ်ပိုင် ကူးသန်းရောင်းဝယ်ရေးများနဲ့ အသက်မွေးကြပါတယ်။ ဒါပေမယ့်လည်းပဲ တမူးမြို့ဟာ အခြားသောနယ်စပ်မြို့များနဲ့ ယှဉ်ကြည့်မယ်ဆိုရင် တိုးတက်သင့်သလောက် မတိုးတက်တာဟာ လျှပ်စစ်မီးသုံးစွဲခွင့် မရလို့ဘဲ ဖြစ်ပါတယ်။ ဒေသခံပြည်သူ အများစုဟာလည်းပဲ လျှပ်စစ်မီးသုံးစွဲဖို့ အခွင့်အလမ်း အင်မတန်နည်းပါးတဲ့ ကျေးလက်ဒေသတွေမှာ နေထိုင်ကြလို့ ဖြစ်ပါတယ်။ ယခင်က မြို့ပေါ်မှာနေထိုင်ကြတဲ့ ပြည်သူအချို့ဟာ ဒီဇယ်အင်ဂျင်က ထုတ်လုပ်တဲ့ လျှပ်စစ်မီးကို တစ်ညလျှင် (၃)နာရီခန့်သာ သုံးစွဲခွင့် ရရှိပါတယ်။ ယခုနှစ် ဧပြီလကစပြီး အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်က လျှပ်စစ်မီးကို ဝယ်ယူပြီး (၂၄)နာရီသုံးစွဲခွင့်ရနေသော်လည်း ဓာတ်အားလိုင်းအသစ်များ၊ ဓာတ်တိုင်များနဲ့ ဆက်စပ်ပစ္စည်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နေရပါသဖြင့် ဓာတ်အားသုံးစွဲသူဦးရေ သိသိသာသာ တိုးပွားလာခြင်း မရှိပါဘူး။

ဒါ့အပြင် ဓာတ်အားသုံးစွဲခ တစ်ယူနစ်တန်ဖိုးမှာလည်းပဲ အိန္ဒိယ ရူပီးငွေ(၁၀)၊ မြန်မာကျပ်ငွေနဲ့ဆိုရင် (၁၈၀)ခန့် ရှိနေပါသဖြင့် မဟာဓာတ်အားလိုင်းမှ သုံးစွဲခွင့်ရနေတဲ့ အခြားမြို့များမှ ပြည်သူများထက် ငွေကြေး ပိုမိုကုန်ကျနေရပါတယ်။ အကယ်၍များ ကလေးမြို့ကနေပြီးတော့ တမူးမြို့ကို မဟာဓာတ်အားလိုင်း သွယ်တန်းရောက်ရှိလာမယ်ဆိုရင် တမူး-ကလေး ကားလမ်းဘေးမှာရှိတဲ့ ကျေးရွာကြီးများမှာရှိ ဒေသခံပြည်သူများအနေနဲ့ မော်တော်ယာဉ်ပြုပြင်ခြင်း၊ ဆန်စပါးကြိတ်ခွဲခြင်း၊ အသေးစားစက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်လာနိုင်ပြီးတော့ လူမှုစီးပွားဘဝများ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံအတွင်း မီးလင်းရေးကော်မတီများဖြင့် လျှပ်စစ်မီးလင်းနေသော ကျေးရွာများတွင် အိမ်တိုင်းစေ့မီးလင်းခွင့်ရရှိရန် အစိုးရမှကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တချို့ကျေးရွာများတွင် ကော်မတီသုံးငွေစာရင်းနှင့်ပတ်သက်၍ မပြေလည်မှုများဖြစ်ပေါ်ပါက အစိုးရမှ တာဝန်ယူ ကူညီဖြေရှင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မီးလင်းရေးကော်မတီများ လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်သို့ အပ်ခဲ့လျှင် နိုင်ငံတော်မှ တာဝန်ယူလက်ခံပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး က မြန်မာနိုင်ငံအတွင်း မီးလင်းရေးကော်မတီများဖြင့် လျှပ်စစ်မီးလင်းနေသော ကျေးရွာများတွင် အိမ်တိုင်းစေ့ မီးလင်းခွင့်ရရှိစေရန် အစိုးရမှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်

ရှိ/မရှိ၊ တချို့ကျေးရွာများတွင် ကော်မတီသုံးငွေစာရင်းနှင့်ပတ်သက်၍ မပြေလည်မှုများ ဖြစ်ပေါ်ပါက အစိုးရမှ တာဝန်ယူ ကူညီဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မီးလင်းရေးကော်မတီများ လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်သို့အပ်ခဲ့လျှင် နိုင်ငံတော်မှ တာဝန်ယူလက်ခံပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကျွန်တော်တို့ ဦးတည်ပြီးတော့မှ၊ ရည်ရွယ်ပြီးတော့မှ လျှပ်စစ်နဲ့ဆိုင်တဲ့မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော် ကျေးလက်ဒေသဖွံ့ဖြိုးဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့အရာများအပြင် ကျွန်တော်တို့ လျှပ်စစ်မီးရရှိရေးဟာလည်း အဓိကနေရာမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ (၂)မိုင်အတွင်းကျေးရွာများကို ပထမအဆင့်၊ နောက် (၅)မိုင်အတွင်းရှိ ကျေးရွာများကို ဒုတိယအဆင့်၊ ၂၀၃၀ မှာ တစ်နိုင်ငံလုံး ကျွန်တော်တို့ မီးလင်းရေးအတွက် စီမံချက်နဲ့လုပ်ဆောင်နေတယ်လို့ သိရတဲ့အတွက်လည်း ကျေးရွာနေ ပြည်သူလူထုကိုယ်စား ဒီကနေ အထူးဝမ်းမြောက်ကြောင်း ကျွန်တော် ပြောလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီးပွားရေးအနေအထားအရ တစ်နိုင်ငံလုံးအတိုင်းအတာအထိ အလုံးစုံ လျှပ်စစ်မီးရရှိရေးအတွက် မကူညီ မပံ့ပိုးနိုင်ခင်မှာ ကျွန်တော်တို့ ကျေးလက်နေ ပြည်သူလူထု ကလည်း နိုင်ငံတော်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့မှ ကိုယ်ထူကိုယ်ထ မီးလင်းရေးကော်မတီများဖွဲ့စည်းလျက်၊ ကိုယ့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်နေရာမှာလည်း အားရ ကျေနပ်ဖွယ်ရှိပါတယ်။ ကျေးလက်မှာရှိတဲ့ မီးလင်းရေးကော်မတီများနဲ့ ကိုယ့်ရဲ့ ဒေသမှာ ဖွံ့ဖြိုးဖို့အတွက်၊ လျှပ်စစ်မီး ရရှိဖို့အတွက် ကော်မတီများ ဖွဲ့စည်းတဲ့အခါမှာ ကျွန်တော်တို့ ကျေးရွာလူထုရဲ့ငွေ၊ စီးပွားရေးအနေအထားပေါ် မူတည်ပြီးတော့မှ ကျွန်တော်တို့ အတန်းအစားအလိုက်၊ စီးပွားရေးအနေအထားအလိုက် ငွေကြေးမတည်ငွေများ ထည့်ဝင်ပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်ရသလို တချို့သောကော်မတီများဆိုရင် နိုင်ငံတော်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ထောက်ပံ့ငွေတချို့နဲ့ ကျွန်တော်တို့ ဒီ လျှပ်စစ်မီးရရှိရေးကို ကျွန်တော်တို့ ကြိုးစားခဲ့ရတာ တွေ့ရပါတယ်။ ကျေးလက်ဒေသ မီးလင်းရေးနဲ့ ပတ်သက်လို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ Data သတင်းအချက်အလက် ကောက်ယူတဲ့အခါမှာ ကျွန်တော်တို့ အားနည်းချက်များ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ပါတဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ Data အချက်အလက်နဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ခြုံငုံပြီးတော့ တင်ပြပါမယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေမှာ ကျွန်တော်တို့ ကျေးရွာပေါင်း (၇၉၆) ရွာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လျှပ်စစ်မီးလင်းပြီးကျေးရွာက(၇၀၈)ရွာ ရှိပြီးတော့မှ မီးလင်းဖို့

ကျန်တဲ့ရွာက (၈၈)ရွာ ကျန်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အစိုးရကနေပြီးမှ အလုံးစုံ ကူညီပံ့ပိုးတဲ့ ကျေးရွာက(၁၄၈)ရွာရှိပြီးတော့ ကိုယ်ထူကိုယ်ထ မီးလင်းရေးကော်မတီများနဲ့ မီးလင်းတဲ့ကျေးရွာဟာ (၅၆၈)ရွာရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်မလုံလောက်ပါက အနည်းငယ် တိုးပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုပြော ခင်ဗျား။ မေးခွန်းရဲ့ လိုရင်းကိုပြော။

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ အဲဒီမှာ ကျွန်တော်တို့ မီးလင်းပြီးကျေးရွာမှာ အိမ်ခြေ(၉၀၀၀၀) ရှိပြီးတော့ အဲဒီ အိမ်ခြေ(၉၀၀၀၀)ထဲမှာမီးလင်းတဲ့ ရွာက ကျွန်တော်တို့ (၅၀၀၀၀)ကျော်ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ (၂း၁) အရ အိမ်ခြေ (၁၀၀)ရှိလျှင် (၅၀)ပဲ မီးလင်းပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နေပြည်တော်မှာ အိမ်တိုင်းစေ့ မီးလင်းရေး၊ ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ကျွန်တော် မေးမြန်းလိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ကျေးရွာကော်မတီရဲ့ ငွေအလွဲသုံးစားပြုမှုများ၊ ဒီ ကျွန်တော်တို့ ငွေကြေးမပြေလည်မှုများ၊ ကျေးရွာလူထုကြားမှာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီဟာကို လည်း ကျွန်တော်တို့ ဌာနဆိုင်ရာအသီးသီးကို တိုင်ကြားတဲ့အခါမှာ ကျွန်တော်တို့ မပြေလည်မှုများ ရှိနေခဲ့ပါတယ်။ ဒီဟာကို ကျွန်တော်တို့ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် နောက်တစ်ခုက ကျွန်တော်တို့ အချို့သောကျေးရွာ မီးလင်းရေးကော်မတီများဟာ သူတို့ အလုံးစုံ လုပ်ငန်း ပြီးဆုံးတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်ကို ပြန်အပ်ဖို့၊ လက်ခံဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်း လာပါတယ်။ ထို့အတွက်ကြောင့် ပြည်ထောင်စုအစိုးရမှ တစ်နိုင်ငံလုံး ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် မေးမြန်းသည့် ချင်းပြည်နယ်၊ မင်းတပ်မြို့မှတစ်ဆင့် မတူပီမြို့နှင့် ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်း စီမံကိန်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန် သို့မဟုတ် အလတ်စားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ

နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ချင်းပြည်နယ်၊ မင်းတပ်မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပေါက်မှ မင်းတပ်သို့ (၆၆)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း များအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် Turnkey စနစ်ဖြင့် တင်ဒါစတင်ခေါ်ဆိုခဲ့ပါတယ်။ အဆိုပါ ဓာတ်အားလိုင်း စီမံကိန်းအား ခင်မောင်ညွှန့် ကုမ္ပဏီမှလည်းကောင်း၊ မင်းတပ် ဓာတ်အားခွဲရုံ စီမံကိန်း အား National Energy Group Construction-NEGC ကုမ္ပဏီမှလည်းကောင်း တင်ဒါ အောင်မြင် ခဲ့ပြီးတော့ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ (၆၆)ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေါက်မှ မင်းတပ်သို့ ဆက်သွယ်သော ကားလမ်းအကျယ်ကို တိုးချဲ့တည်ဆောက်တဲ့ကိစ္စနဲ့ သွားပြီး တိုက်ဆိုင်တဲ့အတွက်ကြောင့် လမ်းဧရိယာနဲ့မလွတ်ကင်းတဲ့ ဓာတ်အားလိုင်းတည်ဆောက်ရေး လမ်းအူကြောင်းများကို ပြန်လည် ပြင်ဆင် တိုင်းတာခဲ့ရပါတယ်။

ယခင်တိုင်းတာထားတဲ့ လမ်းအူကြောင်းအတွင်းမှာလည်း နေအိမ်အသစ်တွေ ပေါ်ပေါက် လာတဲ့အခါမှာ ဓာတ်အားလိုင်းနဲ့ မလွတ်ကင်းတဲ့အတွက်ကြောင့် ဓာတ်အားလိုင်းကို နေရာသစ်ကို ပြောင်းရွှေ့တည်ဆောက်ရန် ဆောင်ရွက်ရပါတယ်။ မြေယာနဲ့သီးနှံလျော်ကြေးကိစ္စများကိုလည်း ဒေသခံ များနဲ့ အချိန်ယူ ညှိနှိုင်းဆောင်ရွက်ရတဲ့အတွက်ကြောင့် ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းဟာ မူလလျာထားတဲ့ အချိန်ထက် ပိုပြီးကြန့်ကြာသွားခဲ့တဲ့ ကိစ္စလေးတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိကာလမှာ (၆၆)ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းဟာ (၈၃.၆၃)ရာခိုင်နှုန်းနဲ့ မင်းတပ် ဓာတ်အားခွဲရုံကတော့ (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။

အကယ်၍ ဓာတ်အားလိုင်းကြီး ပြီးဆုံးသွားပြီဆိုရင်တော့ မင်းတပ်အထိ ဓာတ်အားပို့လွှတ် လို့ရမယ့် အခြေအနေ ဖြစ်ပါတယ်။ အဆိုပါ ပေါက်-မင်းတပ် ဓာတ်အားလိုင်းမှတစ်ဆင့် (၆၆)ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှာ Turnkey စနစ်ဖြင့် တင်ဒါခေါ်ဆိုခဲ့ပြီးတော့ Aung Myint Mo Co.,Ltd. ထံ လုပ်ငန်းအပ်နှံခဲ့တာ ဖြစ်ပါတယ်။

ယခုအခါမှာ အဆိုပါ ဓာတ်အားလိုင်း တည်ဆောက်ရန်အတွက် ဓာတ်အားလိုင်း အူကြောင်း Survey တိုင်းတာခြင်းလုပ်ငန်းနဲ့ ဓာတ်အားခွဲရုံ တည်ဆောက်ဖို့အတွက် ဓာတ်အားခွဲရုံမှာ တပ်ဆင်ရမယ့် ထရန်စဖော်မာ နဲ့ Switch Share တွေကို မည်သို့ပုံစံဖြင့် တည်ဆောက်မည်ဆိုတဲ့ Layout Plan ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နေတဲ့အဆင့် ဖြစ်ပါတယ်။ အဆိုပါစီမံကိန်း တည်ဆောက် ပြီးစီးသွားပြီဆိုခဲ့လျှင် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မတူပီမြို့သို့ မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်မှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

ဆက်လက်ပြီး ရေဇွာမြို့သို့ မဟာဓာတ်အားလိုင်းမှ (၆၆)ကေဗွီ ဓာတ်အားလိုင်း တည်ဆောက် ပေးရေးကိစ္စမှာ ကားလမ်းမိုင်အားဖြင့် မိုင်(၆၀)ကျော် ကွာဝေးသော်လည်း ဓာတ်အားလိုင်း အရှည် အားဖြင့် (၃၅)မိုင်ခန့် တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီလက်ရှိ ရေဇွာမြို့ရဲ့ ဒေသမှာ ဓာတ်အားသုံးမယ့်ပမာဏကို လေ့လာတွက်ချက်ပြီး သင့်လျော်တဲ့ ထရန်စဖော်မာ မည်မျှ တပ်ဆင်

ရမယ်ဆိုတာတွေကို တွက်ချက်ပြီး ကျွန်တော်တို့ ဘတ်ဂျက်လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့မှာရှိတဲ့ လိုင်လင်းပီမြို့ဟာ ယခင်က ကျေးရွာအုပ်စုအဆင့်ကနေပြီးတော့ စီးပွားရေး၊ လူမှုရေးတိုးတက်လာတဲ့အတွက်ကြောင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ မြို့အဆင့်ကို တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။ လက်ရှိမှာ အိမ်ခြေ (၅၂၃)စုရှိတဲ့အနက် အိမ်ခြေ (၄၄၆)စု ကတော့ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ဖို့ ကိုယ်ထူကိုယ်ထစနစ်နဲ့ (၁၂၅)ကေဗွီအေ မီးစက်တစ်လုံး (၄၀၀)ဗို့ ဓာတ်အားလိုင်း (၂.၆၃)မိုင် တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား သုံးစွဲလျက်ရှိပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လိုင်လင်းပီမြို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ပေးနိုင်ဖို့အတွက် အဆိုပါ လိုင်လင်းပီမြို့မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံး တိုးချဲ့ဖွင့်လှစ်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါ လိုင်လင်းပီမြို့မှာ ရှိတဲ့ အိမ်ခြေ(၅၂၃)အိမ်အား ပိုမိုဓာတ်အားရရှိသုံးစွဲနိုင်ဖို့အတွက် (၂၅၀)ကေဗွီအေ ဒီဇယ်ဓာတ်အား ပေးစက်ဖြင့် တစ်ရက်လျှင် မီးပေးချိန် (၂)နာရီနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနှင့် (၄၀၀)ဗို့ဓာတ်အားလိုင်း (၂.၇၅)မိုင် အသစ်တည်ဆောက်ပေးနိုင်ရန်ကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ဘတ်ဂျက်မှာ ထည့်သွင်း လျာထားဆောင်ရွက် ပေးနိုင်ဖို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မေးမြန်းချက်မှာပါတဲ့ မြို့နယ်များမှာ ရေအားလျှပ်စစ် အလတ်စားနှင့် အသေးစား အရင်းအမြစ်များကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်နိုင်တဲ့ အတွက် သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုဖြင့် ဆက်လက် ဆောင်ရွက်နိုင်ပါ ကြောင်းနှင့် အဆိုပါ ရေအားလျှပ်စစ် အသေးစား၊ အလတ်စားစက်ရုံများ တည်ဆောက်ရေးအတွက် လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာအကူအညီ လိုအပ်မှုရှိပါက ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွား မှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော် ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မှာ ယခင်က ဌာနပိုင်(၁၈၀)ကီလိုဝပ်နှင့် (၁၇၀) ကီလိုဝပ်ရှိ ဒီဇယ်ဓာတ်အားပေးစက် (၂)လုံးဖြင့် နေ့စဉ် ည(၆း၃၀)ကနေပြီးတော့ ည(၁၀)နာရီအထိ အချိန်(၃)နာရီခွဲ ဓာတ်အားဖြန့်ဖြူးပေးခဲ့တာ ဖြစ်ပါတယ်။ တမူးမြို့သို့ မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်း မပြီးစီးမီ အချိန်ကြားကာလမှာ တမူးမြို့နေပြည်သူလူထုများ (၂၄)နာရီ လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ရေးနဲ့ ဒီဇယ်စက်များက ဝန်အား မနိုင်နင်းတဲ့အခါမှာ ဓာတ်အားမရသေးတဲ့ ဒေသခံ ပြည်သူတွေ ပိုပြီးဓာတ်အားရရှိနိုင်ရန်အတွက် အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်၊ အင်ဖာမြို့ကနေပြီးတော့ ဓာတ်အားလိုင်းသွယ်တန်း၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ တမူးခရိုင် မီးလင်းရေးကော်မတီနှင့် အိန္ဒိယနိုင်ငံ မဏိပူရ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကုမ္ပဏီ

လီမိတက်တို့ကနေပြီးတော့ မိုရေးမြို့ကနေပြီးတော့ တမူးမြို့သို့ (၃)မဂ္ဂါဝပ်ဓာတ်အား ဖြန့်ဖြူးရောင်းချနိုင်ရန် ဓာတ်အားဝယ်ယူရေးစာချုပ် (PPA)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှာ မိုရေးမှ (၁၁)ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းပြီးတော့ တမူးမြို့ကို ဓာတ်အား စတင်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ တမူးခရိုင်၊ တမူးမြို့သို့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ (၂၃၀)ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်းမှတစ်ဆင့် (၂၃၀)ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင်(၉၀) ဓာတ်အားခွဲရုံ စီမံကိန်းကို ထပ်မံတည်ဆောက်ရန် လိုအပ်ပါတယ်။ ထိုသို့ တည်ဆောက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ရန်ပုံငွေရရှိရေးကို ထည့်သွင်းလျာထားသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ်မှာမူတည်၍ လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး မေးမြန်းသည့် မြန်မာနိုင်ငံအတွင်း မီးလင်းရေးကော်မတီများဖြင့် လျှပ်စစ်မီးလင်းနေသောကျေးရွာများတွင် အိမ်တိုင်းစေ့ မီးလင်းခွင့်ရရှိရန် အစိုးရမှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တချို့ကျေးရွာများတွင် ကော်မတီသုံးငွေစာရင်းနှင့်ပတ်သက်၍ မပြေလည်မှုများဖြစ်ပေါ်ပါက အစိုးရမှ တာဝန်ယူ ဖြေရှင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် မီးလင်းရေးကော်မတီများ လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်သို့အပ်ခဲ့လျှင် နိုင်ငံတော်မှ တာဝန်ယူ လက်ခံပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဟာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဓာတ်အားသုံးစွဲသူများသို့ ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံကြီးများကိုသော်လည်းကောင်း (၅၀၀)ကေဗွီ ၊ (၂၃၀)ကေဗွီ၊ (၁၃၂)ကေဗွီ ပင်မဓာတ်အားခွဲရုံကြီးများ ဓာတ်အားသယ်ပို့ရန်အတွက် (၅၀၀)ကေဗွီ၊ (၂၃၀)ကေဗွီ၊ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းကြီးများ (၆၆)ကေဗွီ၊ (၃၃)ကေဗွီ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် (၆၆)ကေဗွီ၊ (၃၃)ကေဗွီ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံကြီးများ တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံချက်များချမှတ်ပြီးတော့ အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအတွက် နှစ်စဉ် ခွဲဝေရရှိတဲ့ ရန်ပုံငွေရရှိမှု ပမာဏအပေါ်မှာမူတည်ပြီး လုပ်ငန်းများကို အပိုင်းလိုက် ဆောင်ရွက်လျက်ရှိကာ ခွဲဝေရရှိသောရန်ပုံငွေမှာ တစ်နိုင်ငံလုံးအတွက် လိုအပ်တဲ့လုပ်ငန်းများအတွက် လုံလောက်မှု မရှိသေးတဲ့အတွက်ကြောင့် အလှည့်ကျဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့ရဲ့ဘတ်ဂျက် နိုင်ငံတကာ နှစ်ရှည်ချေးငွေများကိုလည်း ရရှိအောင် ဆောင်ရွက်ကာ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော် အစီအစဉ်များကို စောင့်စားခြင်း မရှိဘဲ

ကြိုတင်ဓာတ်အား ရရှိလိုတဲ့ ကျေးရွာများက ကျေးရွာအတွင်း ငွေကြေးစုဆောင်းထားရှိပြီး ကျေးရွာရဲ့ အစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထ မီးလင်းရေးများကို ဆောင်ရွက်လျက်ရှိကြတာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာ ကျေးရွာအတွင်း မီးလင်းရေးကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်နိုင်ဖို့အတွက် ကျေးရွာ မီးလင်းရေးကော်မတီများကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဒေသဆိုင်ရာ အာဏာပိုင်များမှ ကြီးမှူးပြီးတော့ ဖွဲ့စည်းပေးထားခြင်း ဖြစ်ပါတယ်။

အဆိုပါ မီးလင်းရေးကော်မတီများက ၎င်းတို့ကျေးရွာရဲ့ ဓာတ်အားရရှိစေဖို့အတွက် လိုအပ်တဲ့ဓာတ်အားလိုင်း ထရန်စဖော်မာများ တပ်ဆင်တည်ဆောက်နိုင်ရန်အတွက် ကျေးရွာအတွင်း မီးအသုံးပြုလိုသူများရဲ့ ဆန္ဒသဘောကိုကောက်ခံပြီး ငွေကြေးစုဆောင်းကာ ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ကျေးရွာရှိ ပြည်သူလူထုထံကနေပြီးတော့ ငွေကြေးစုဆောင်းပြီး လုပ်ငန်းဆောင်ရွက်တာဖြစ်တဲ့အတွက် မီးလင်းရေးကော်မတီများက အဲဒီ ငွေကြေးထည့်ဝင်သူများကို မီတာတွေတပ်ဆင်ပေးဖို့အတွက် ထောက်ခံပေးပါတယ်။ အဲဒီအခါမှာ တပ်ဆင်ပေးဖို့ မီတာများကိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ မီတာထုတ်ပေးတာ ဖြစ်ပါတယ်။ အဲဒီတော့ မိမိတို့ရဲ့ ဆန္ဒအလျောက် မီးရရှိလိုတယ်၊ ဆက်သွယ်လိုတယ်ဆိုပြီး ငွေကြေးထည့်ဝင်တဲ့လူတွေက မီတာတပ်ဆင် ခွင့်နဲ့ မီတာသုံးစွဲခွင့်ရရှိတာ ဖြစ်ပါတယ်။ ကျန်ရှိသူများအနေနဲ့ လျှပ်စစ်မီး မီးလင်းရေးကော်မတီ တွေက တည်ဆောက်ထားတာဖြစ်သော်လည်း လျှပ်စစ်မီး မရရှိတာ ဖြစ်ပါတယ်။

ကျေးရွာအတွင်း မီးလင်းရေးကော်မတီဖွဲ့၍ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အား ရရှိဖို့ ဆောင်ရွက်ရာမှာ အဖွဲ့အစည်း ဖွဲ့စည်းတဲ့အခါမှာ ခိုင်မာမှုမရှိခြင်း၊ ထိုအဖွဲ့ကော်မတီကနေပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ငွေကြေးကိစ္စတွေ ရှုပ်ထွေးခြင်း၊ တည်ဆောက်မှုစနစ်အားနည်းခြင်းတွေကိုလည်း အချို့ကိစ္စတွေမှာ တွေ့ရှိရတဲ့အတွက်ကြောင့် ဝန်ကြီးဌာနကနေပြီး ကျေးရွာမီးလင်းရေး ကော်မတီ များက လိုက်နာရမည့်အချက် (၁၂)ချက် ဆိုတာကို ကျွန်တော်တို့ ရေးဆွဲချမှတ်ပေးခဲ့တာဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီက ကျေးရွာလူထုရဲ့ သဘောတူညီချက်ဖြင့် ခိုင်မာစွာဖွဲ့စည်းတဲ့ အဖွဲ့အစည်းဖြစ်ရေး၊ တည်ဆောက်မယ့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အသုံးပြုမယ့် လျှပ်စစ်ဓာတ်အားလိုင်းများ အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်း စေရေး စတဲ့အချက်များကို ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာအကျိုးအတွက် ရည်ရွယ်ပြီး ချမှတ်ပေးခဲ့တာ ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးများ ဆောင်ရွက်ခဲ့ရာမှာ ကျေးရွာအများစုက အောင်မြင်မှုများ ရရှိခဲ့ပါတယ်။ တချို့ကျေးရွာများမှာတော့ မီးလင်းရေးကော်မတီနှင့်ပတ်သက်ပြီးတော့ ဒေသခံတွေက တိုင်ကြားမှုများ ရှိခဲ့ပါတယ်။ ဌာနအနေဖြင့် ကျေးရွာမှာ လက်ရှိလူအင်အား၊ ပစ္စည်း အင်အား၊ ငွေကြေးအင်အားအရ ဓာတ်အားချိတ်ဆက်ခွင့်နှင့် ကျေးရွာမှတည်ဆောက်မည့် ဓာတ်အား လိုင်းများ၊ ထရန်စဖော်မာများ စံချိန်စံညွှန်း ပြည့်မီဖို့ အန္တရာယ်ကင်းရှင်းဖို့အတွက် နည်းပညာဆိုင်ရာ အကူအညီများကို ပံ့ပိုးပေးလျက်ရှိပါတယ်။

သို့သော် ကျေးရွာအတွင်း ငွေကြေးစုဆောင်းခြင်းကိစ္စမှာသော်လည်းကောင်း၊ ပစ္စည်းများ ဝယ်ယူရာမှာသော်လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာသော်လည်းကောင်း ကျေးရွာကော်မတီ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်တဲ့ကျေးရွာများအကြား ကော်မတီရဲ့ ငွေကြေးသုံးစွဲမှုဆိုင်ရာ

ကိစ္စရပ်များမှာ မပြေလည်မှုများ ဖြစ်လာခဲ့လို့ရှိရင် ကော်မတီကိုဖွဲ့စည်းပေးခဲ့တဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ဥပဒေရေးရာအရ ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ဌာနမှဝန်ထမ်းများ ပါဝင်ပတ်သက်မှု ရှိနေတယ်ဆိုရင်တော့ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ကာ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူဆောင်ရွက်လျက် ရှိပါတယ်။ မီးလင်းရေးကော်မတီများမှ လုပ်ငန်းပြီးမြောက်သွားတဲ့အခါမှာ နိုင်ငံတော်သို့ အပ်နှံလိုခြင်းနှင့် စပ်လျဉ်း၍တော့ ဝန်ကြီးဌာနအနေနဲ့လတ်တလောမှာ ခန့်အပ်ခွင့်ရရှိထားတဲ့ ဝန်ထမ်းအင်အား အခြေအနေအရသော်လည်းကောင်း၊ ဝန်ထမ်းအင်အား တိုးချဲ့ပြီး ထပ်မံဖွဲ့စည်းနိုင်ဖို့ ဘတ်ဂျက် အခြေအနေအရသော်လည်းကောင်း ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းကို ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက် ၆-၅-၂၀၁၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး(ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ)က အဆို တင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက် ၃-၆-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆ - ၉ - ၂၀၁၆ ရက်

(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညှိနှိုင်းရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီးက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆ - ၃၀၄
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

၁။ အရေးပေါ်စီမံမှုအက်ဥပဒေကိုရုပ်သိမ်းတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အစီရင်ခံစာ ကို အမျိုးသားလွှတ်တော်ကို ၂-၉-၂၀၁၆ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ၁၄-၉-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မိုးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း တို့က အကြံပြု ဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့ကြတဲ့

လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်တို့နှင့် ၁၉-၉-၂၀၁၆ ရက်နေ့မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်သုံးသပ်ရာမှာ-

တပ်မတော်သားကိုယ်စားလှယ်များရဲ့ အကြံပြုတင်ပြချက်များမှာ ကမ္ဘာပေါ်မှာရှိတဲ့ အခြားသော အချို့နိုင်ငံတွေမှာလည်း မိမိတို့နိုင်ငံနှင့် နိုင်ငံသားတို့ရဲ့ လုံခြုံရေးအလို့ငှာ အရေးပေါ်စီမံမှုနှင့် လုံခြုံမှုအတွက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ကြသည်များရှိကြောင်း တင်ပြပြီးတော့ မိမိတို့နိုင်ငံအနေဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးမှုများ ရှိနေဆဲအခြေအနေမှာရှိနေတယ်၊ အစိုးရ၏ ဆောင်ရွက်ချက်များအပေါ်မှာ ပြည်သူများက အထင်အမြင်လွဲမှားပြီး ဆန့်ကျင်အောင် မမှန်သတင်းထုတ်လွှင့်မှုများ လူမှုကွန်ရက် စာမျက်နှာများပေါ်မှာ ဖော်ပြနေတာတွေလည်းရှိနေတယ်၊ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ ဘေးအန္တရာယ်မှကာကွယ်တဲ့ဥပဒေကိုလည်းပဲ ရုပ်သိမ်းထားပြီးဖြစ်တယ် စတဲ့အပြင် တည်ဆဲ ရာဇသတ်ကြီးဥပဒေတို့နှင့် မူလအရေးပေါ်စီမံမှု အက်ဥပဒေတို့မှာ သဘောသဘာဝ အနှစ်သာရအားဖြင့် မတူညီခြင်းတို့ကြောင့် အဆောတလျင် မရုပ်သိမ်းသင့်သေးဘဲနဲ့ ဥပဒေရဲ့ မူလရည်ရွယ်ချက် မပျောက်စေဘဲ ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်သွားရန်နှင့် ရုပ်သိမ်းရန် ဆန္ဒရှိပါကလည်းပဲ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်တဲ့ ဥပဒေအသစ်ရေးဆွဲပြီးမှသာ ရုပ်သိမ်းသင့်ကြောင်း တင်ပြသည်ကို တွေ့ရှိရပါတယ်။

ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းအပေါ်မှာ မရုပ်သိမ်းသင့်ကြောင်း ကန့်ကွက်ဆွေးနွေးခဲ့ကြတဲ့ ကျွန်ကိုယ်စားလှယ်(၄)ဦးတို့ကလည်းပဲ အနှစ်ချုပ်အားဖြင့် မူလဥပဒေပါ ပုဒ်မ ၅၊ ပုဒ်မခွဲ (ည)ကို ပြင်ဆင်ပြီး ဆက်လက်ထားရှိသင့်ကြောင်း၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေမှာ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် ပြည်သူကို အကာအကွယ်ပေးတဲ့ အနှစ်(၆၀) ခေတ် အဆက်ဆက်အစိုးရများက ကျင့်သုံးခဲ့တဲ့ဥပဒေများဖြစ်ကြောင်း၊ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းရတာဟာ လွယ်ကူသော်လည်းပဲ ရေးဆွဲရတာဟာ ခက်ခဲကြောင်း၊ လက်ရှိအစိုးရဟာ ဥပဒေကို လက်လွတ်စပယ် လုံးဝ ကျင့်သုံးမည်မဟုတ်ပါကြောင်းနှင့် အစိုးရအပေါ်မှာ ပြဿနာကြုံလာလျှင် ဝှက်ဖဲတစ်ချပ်အနေနှင့် သုံးနိုင်ကြောင်း၊ မူလဥပဒေမှာ အလွန်ကြီးလေးတဲ့ ပြစ်ဒဏ်များဖြစ်ခြင်း၊ တစ်ဖက်စွန်းရောက်သူများ ပေါ်ထွက်လာနိုင်ခြင်း စတဲ့ အားနည်းချက်များရှိသော်လည်းပဲ အစားထိုးနိုင်တဲ့ ဥပဒေအသစ် ပြဋ္ဌာန်းပြီးမှသာ ရုပ်သိမ်းသင့်ကြောင်း၊ လိုအပ်တဲ့ ပြင်ဆင်မှုများ ပြုလုပ်ပြီးမှသာ ဖျက်သိမ်းသင့်ကြောင်း အကြံပြုကန့်ကွက်ဆွေးနွေးသွားကြပါတယ်။

ရုပ်သိမ်းတဲ့ ဥပဒေကြမ်းအပေါ်မှာ ထောက်ခံဆွေးနွေးကြတဲ့ ကိုယ်စားလှယ်များကတော့ မူလ ဥပဒေမှာ ခေတ်ကာလအခြေအနေအရ ရောင်စုံသူပုန်များရဲ့ ဆူပူသောင်းကျန်းမှုကို ထိရောက်ဟန့်တားနှိမ်နင်းနိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့် တရားမျှတမှု အခြေခံအားနည်းခြင်း၊ စိတ်ကူးနှင့်ပင် ပြစ်မှုမြောက်တယ်လို့ သတ်မှတ်ရာရောက်တဲ့ ဥပဒေဖြစ်နေခြင်း၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ည)ကို အခြေတည်ပြီးတော့ အခြားဥပဒေများနှင့် ချဲ့ကားအရေးယူခြင်းများရှိခဲ့ခြင်း၊ ဒီဥပဒေကို

အသေးစိတ်မသိကြသော်လည်းပဲ ပုဒ်မ ၅(ည)လို့ ဆိုလိုက်ရုံမျှနဲ့ ပြည်သူတို့ ထိတ်လန့်ကြောက်ရွံ့ခဲ့ကြရတဲ့အထိ ခံစားခဲ့ကြရခြင်း၊ အရေးပေါ်စီမံမှုဥပဒေအရ အရေးယူအပြစ်ပေးခံရသူ အများစုမှာ အရပ်သားပြည်သူများသာဖြစ်ကြောင်း ကြားသိရခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူနိုင်သော တည်ဆဲဥပဒေများရှိခြင်း၊ ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်နေတဲ့ကာလမှာ ဒီဥပဒေရှိနေခြင်းကြောင့် သဘောထားအမျိုးမျိုးရှိတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးနှင့် အစိုးရကြား ယုံကြည်မှုကို ထိခိုက်နိုင်ခြင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ လုံလောက်ပြီဖြစ်ခြင်းတို့နဲ့ မူလဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်းတို့ကို အကြံပြုတင်ပြဆွေးနွေးကြောင်း တွေ့ရှိရပါတယ်။

ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်များရဲ့ တင်ပြချက်များကို အလေးအနက်ထားပြီးတော့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များရဲ့ အကူအညီဖြင့် ဥပဒေဆိုင်ရာ သက်ဆိုင်သမျှသော ဆက်စပ်ဥပဒေများ၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လုံခြုံရေးအတွက် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းလိုက်ခြင်းဖြင့် ထိခိုက်မှုဖြစ်နိုင်ခြေ ရှိ/မရှိ၊ ဒီဥပဒေကို ယခင်ခေတ်အဆက်ဆက် အသုံးပြုခဲ့ရာမှာ ပြည်သူများကို ဖိနှိပ်ချုပ်ချယ်ရန် လက်နက်သဖွယ်အသုံးပြုခွင့် ရရှိစေခဲ့ခြင်းတို့ကိုပါ အလေးထား သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။ ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက်များကို အလားတူအရေးယူနိုင်တဲ့ တည်ဆဲဥပဒေ (၁၂) ခုမျှကို လေ့လာ တွေ့ရှိရပါတယ်။

အရေးပေါ်စီမံမှု အက်ဥပဒေမှာ ပုဒ်မ ၈ ခုရှိပါတယ်။ ပုဒ်မ ၂ ကနေပြီးတော့ ပုဒ်မ ၇ အထိဟာ ပြစ်မှု၊ ပြစ်ဒဏ်များ ဖြစ်ပါတယ်။ အဲဒီ ပြစ်မှု၊ ပြစ်ဒဏ် တစ်ခုချင်းအလိုက် အရေးယူနိုင်တဲ့ တည်ဆဲဥပဒေများကို လေ့လာ စိစစ်ကြည့်တဲ့အခါမှာ မူလဥပဒေ အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၂ မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များကို လက်ရှိ တည်ဆဲဥပဒေများဖြစ်တဲ့ ရာဇသတ်ကြီးပုဒ်မ ၁၂၃ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီး ကျူးလွန်သူကို အားပေးခြင်း၊ လက်သင့်ခံခြင်း၊ နှစ်သိမ့်စေခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်၊ မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၆ နိုင်ငံတော်သမ္မတက မတရားအသင်းကြေညာနိုင်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်၊ ပုဒ်မ ၁၇(၁)နှင့် (၂) မတရားအသင်းမှာ ပါဝင်ခြင်း၊ ထောက်ပံ့ခြင်း၊ စီမံခြင်း၊ ကမကထပြုခြင်း၊ ကူညီခြင်း စတဲ့ အချက်အလက်များ စတဲ့ပြဋ္ဌာန်းချက်တို့မှာလည်း တွေ့ရှိရပါတယ်။

မူလဥပဒေရဲ့ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များအတွက်လည်းပဲ ရာဇသတ်ကြီးပုဒ်မ ၁၈၆ ပြည်သူ့ဝန်ထမ်း ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်၊ ရာဇသတ်ကြီး ပုဒ်မ ၃၅၃၊ ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားရန် လက်ရောက်မှု၊ အနိုင်အထက်ပြုမှု စတဲ့ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ရှိကြောင်း တွေ့ရှိရပါတယ်။

မူလဥပဒေရဲ့ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအတွက်လည်းပဲ ရာဇသတ်ကြီးပုဒ်မ ၁၂၃၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)၊ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ တို့မှာ အလားတူ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မူလဥပဒေရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များအတွက် ရာဇသတ်ကြီး ပုဒ်မ ၁၂၄၊ ပုဒ်မခွဲ (က) နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုမှု စတဲ့နေရာမှာ ပြဋ္ဌာန်းထားပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မူလဥပဒေရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်များအတွက် ရာဇသတ်ကြီး ပုဒ်မ ၁၈၆ နှင့် ၃၅၃ တို့မှာ အလားတူ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)နှင့် (င)မှာ ဖော်ပြတဲ့ ပြဋ္ဌာန်းချက်များအတွက်တော့ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ တပ်မတော်သားအား စစ်ပုန်ကန်ခြင်း၊ တာဝန်မလေးစားခြင်း၊ ပျက်ကွက်ခြင်း ဖြစ်စေရန်၊ အများပြည်သူကို ကြောက်ရွံ့ထိတ်လန့်အောင် လူမျိုးစုအချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရန် ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ထုတ်ပြန်ကြေညာခြင်း စတဲ့ပြဋ္ဌာန်းထားချက်များ တည်ရှိလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (စ) နှင့် (ဆ)တို့မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များအတွက် လည်း ၁၉၄၇ ခုနှစ်၊ ပြည်သူ့ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းစောင့်ရှောက်မှု အက်ဥပဒေ (Public Order (Preservation) Act ,1947) ပုဒ်မ ၅ မှာ အလားတူ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

မူလဥပဒေရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဇ)ပါ ပြဋ္ဌာန်းချက်များအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၄၀ (စ)၊(ဆ)၊(ဇ)နှင့် အခန်း(၁၀)ပါ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှာ အလားတူ ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ)ပါ ပြဋ္ဌာန်းချက်များအတွက်တော့ Revenue Recovery Act၊ မြေခွန်မပြေ ကျန်ငွေအရကောက်ခံခြင်းနှင့် ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေအရ အခွန်မပြေ ကျန်ငွေအရ ကောက်ခံခြင်းတို့မှာလည်းပဲ အလားတူ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မူလအရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်များအတွက်တော့ ၁၉၄၇ ခုနှစ်၊ ပြည်သူ့ ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်မှု အက်ဥပဒေ (Public Order (Preservation) Act ,1947) ပုဒ်မ ၅ မှာ အလားတူ တွေ့ရှိရပါတယ်။

မူလဥပဒေရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဋ)မှာပါတဲ့ ပြဋ္ဌာန်းချက်များအတွက်တော့ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၅၃ မှာ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဌ)မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များနဲ့ ပတ်သက်ပြီးတော့ လက်နက်များ အက်ဥပဒေ ပုဒ်မ ၅၊ ၆၊ ၁၀ နှင့် ၁၃ ကနေပြီးတော့ ၁၇ အထိ ဖောက်ဖျက်မှုများအတွက် ပြစ်ဒဏ် ဥပဒေပုဒ်မ ၁၉ မှာ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ အလားတူပဲ ၁၉၅၁ ခုနှစ်၊ လက်နက်များ (ယာယီပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၁၉-က၊ ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ)အက်ဥပဒေ ပုဒ်မ ၂၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေ ပုဒ်မ ၃၊ ၄ နှင့် ၅ တို့မှာ အလားတူ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဍ)မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များအတွက်တော့ ၁၉၄၇ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်မှုအက်ဥပဒေ (Public Order (Preservation) Act,1947) ပုဒ်မ ၅ မှာ အလားတူ ပြဋ္ဌာန်းထားတာကို လေ့လာ တွေ့ရှိရပါတယ်။

မူလအရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၆ မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များအတွက်တော့ ရာဇသတ်ကြီးပုဒ်မ ၂၇၇၊ ပြည်သူ ပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁)၊ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ တို့မှာ အလားတူ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

မူလဥပဒေ ပုဒ်မ ၆-က မှာပါတဲ့ ပြဋ္ဌာန်းချက်များအတွက် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရပါတယ်။

မူလဥပဒေ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များအတွက်တော့ ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃၊ ရာဇသတ်ကြီးပုဒ်မ ၂၇၇ တို့မှာ အလားတူ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရပါတယ်။

ပြစ်ဒဏ် ကွာခြားမှုရှိသော်လည်းပဲ နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ လုံခြုံရေးနှင့်အကျိုးစီးပွားကို ကာကွယ်ပေးနိုင်တဲ့ တည်ဆဲဥပဒေများရှိပြီးဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက် ၁၉၄၉ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ်ကာလ နိုင်ငံတော်မှာ ရောင်စုံသောင်းကျန်းသူများရဲ့ ဘေးအန္တရာယ်ကြောင့် အမှန်တကယ် အရေးပေါ်အခြေအနေ ပေါ်ပေါက်ခဲ့တဲ့အတွက် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ အခုကာလဟာ အဲဒီလိုအခြေအနေမျိုးပေါ်ပေါက်နိုင်တဲ့ အနေအထားမရှိခြင်း၊ ပြည်တွင်းမျှသာမက နိုင်ငံတကာအင်အားစု အသိုက်အဝန်းကပင် အသိအမှတ်ပြု ကူညီပူးပေါင်း ဆောင်ရွက်မှုများဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ၊ ၂၁ ရာစု ပင်လုံစတင်ကျင်းပနိုင်ခြင်း အပါအဝင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်ရေး တာစူနေတဲ့အပြင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ဦးတည်ပြီးတော့ အမျိုးသားရင်ကြားစေ့ရေးကို ဆောင်ရွက်နေတဲ့ကာလဖြစ်ခြင်း၊ တည်ဆဲအခြားဥပဒေများနဲ့ အရေးယူဆောင်ရွက်နိုင်ခြင်း၊ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါကလည်းပဲ တည်ဆဲဖြစ်တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) ဒေါ်နန်းနီနီအေး တို့မှအပ ကျန်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေအား ဆက်လက် အတည်ပြုသင့်ပါကြောင်းနှင့် အကြံပြု ဆွေးနွေးခဲ့ကြတဲ့

ကိုယ်စားလှယ်များရဲ့ တင်ပြချက်များအရ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ ဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံစာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြု ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လွှတ်တော်သို့ ပြန်လည်တင်ပြသည့် အစီရင်ခံစာအရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း သဘောထား မှတ်ချက်ပြုထားပြီး ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး တို့က နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ဥပဒေသစ်ရေးဆွဲပြီးမှသာ ရုပ်သိမ်းသင့်ကြောင်း တင်ပြထား ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို အခြေခံပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၈) မဲ၊ ကန့်ကွက်မဲ ( ၅၉ ) မဲ၊ ကြားနေမဲ( ၀ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)က တင်သွင်းသည့် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းတဲ့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၂၁။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးလိုပါတယ်။ ဒီဥပဒေဟာ စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ စီမံခန့်ခွဲမှုကိစ္စများနဲ့ပတ်သက်ပြီး အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးတဲ့ စာမေးပွဲကို ရည်ညွှန်းပေမယ့် အားလုံးသော စာမေးပွဲများနဲ့လည်း သက်ဆိုင်ပါတယ်။ ဘာသာရပ်တစ်ခု၊

အကြောင်းအရာတစ်ခုကို လေ့လာသင်ယူမှုနဲ့ သင်ကြားပို့ချမှုပြုလုပ်တဲ့ သင်ကြားမှု၊ သင်ယူမှု ဖြစ်စဉ်မှာ သင်ယူသူအနေနဲ့ တတ်မြောက်ရမယ့်၊ ပြည့်စုံသွားရမယ့် သင်ကြားရေးရည်မှန်းချက်တွေကို သတ်မှတ်ကာ ပေါက်မြောက်ရောက်ရှိအောင် ဆောင်ရွက်ရပါတယ်။

ဒီအတွက် သင်ရိုးမာတိကာအရ သင်ကြားရေးဆောင်ရွက်ချက်တွေ လုပ်ဆောင်ရပြီး သင်ကြားရေးရည်မှန်းချက်ကို ပေါက်မြောက်ခြင်း ရှိ/မရှိကို ဆန်းစစ်အကဲဖြတ်တာဟာ စာမေးပွဲ စစ်ဆေးခြင်းဖြစ်ပါတယ်။ အားလုံးအကျွမ်းဝင်တဲ့အတိုင်းပြောရမယ်ဆိုရင် စာမေးပွဲဟာ သင်တန်းသား ကို အောင်/ရှုံးသတ်မှတ်တဲ့ အကဲဖြတ်တာပဲ ဖြစ်ပါတယ်။ သင်တန်းသားတွေ ဘယ်လို လေ့လာသင်ယူ တယ်ဆိုတာ၊ ဘယ်လောက် တတ်မြောက်တယ်ဆိုတာကို စာမေးပွဲစနစ်ပေါ်မှာ အများကြီး မူတည် ပါတယ်။ စာမေးပွဲဟာ သင်တန်းသားကိုသာမက သင်ကြားမှုဖြစ်စဉ်နဲ့ စနစ်ကိုပါ အကဲဖြတ်တာ ဖြစ်တဲ့အတွက် သင်ကြားရေးဖြစ်စဉ်မှာ အလွန်အရေးပါတဲ့လုပ်ငန်းရပ် ဖြစ်ပါတယ်။ စာမေးပွဲကို စနစ်တကျ စီမံဆောင်ရွက်ဖို့ သမာသမတ်ကျစွာ အကဲဖြတ်နိုင်ဖို့ရာ အထူးလိုအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့က စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာကြီးကြပ်မှု အတွက် လုပ်ငန်းတာဝန်တွေကို ဥပဒေရဲ့ ပုဒ်မ ၄ (က)အရ စီမံခန့်ခွဲမှုနဲ့ ၄(ဂ)အရ ဒေသဆိုင်ရာ စာစစ်အဖွဲ့များ ဖွဲ့စည်းမှုတွေအပြင် မေးခွန်းပြုစုခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း စတဲ့ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဘာသာရပ်ပညာရှင်များ ပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းရန် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းချက်မှာ ပုဒ်မ ၄(ခ)အဖြစ် ထည့်သွင်းထားတာကို ထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာမေးပွဲမှာ မသမာသောနည်းများနှင့်ပတ်သက်၍ စာစစ်အဖွဲ့ဥပဒေရဲ့ ပုဒ်မ ၂ စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)မှာ မသမာသောနည်းများကို ပုဒ်မခွဲငယ်(၁၂)ခု ဖြင့် တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ပုဒ်မ ၄ စာစစ်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်များ ပုဒ်မခွဲ(ဇ)မှာ ပုဒ်မခွဲငယ် (၄)ခုဖြင့် မသမာနည်းဖြင့် ဖြေဆိုသူ/လျစ်လျူရှုခြင်း သို့မဟုတ် အားပေး ကူညီသည့် ကြီးကြပ်သူ၊ အဖြေလွှာစစ်ဆေးရာတွင် မသမာသောသဘောဖြင့် ဆောင်ရွက်သော အဖြေလွှာစစ်ဆေးသူ၊ လျစ်လျူရှုသော ကြီးကြပ်သူ၊ တာဝန်ပေါ့လျော့ခြင်း သို့မဟုတ် မမှန်မကန် လုပ်ဆောင်သော ဝန်ထမ်းတို့ကို အရေးယူခြင်းကိစ္စတွေကို ရှင်းလင်းစွာ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

မသမာသောနည်းများကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ အစဉ်အလာဟောင်းတွေဖြစ်တဲ့ စာကူး ခိုးချဖို့ ကြိုတင်ပြင်ဆင်ယူဆောင်လာခြင်း၊ လက်လှမ်းမီရာတွင် ထားခြင်း၊ ကူးယူခြင်း၊ အခြားသူနဲ့ ဆက်သွယ်ခြင်း၊ လူစားထိုးဖြေဆိုခြင်း၊ အဖြေလွှာကို ပြင်ပသို့ယူသွားခြင်း၊ ထပ်ဖြည့်ခြင်း၊ စောင့်ကြပ်သူမှ အကူအညီပေးခြင်း၊ မေးခွန်း ကြိုတင်ရယူခြင်းတွေအပြင် တိုးတက်လာတဲ့ ဆက်သွယ်ရေး နည်းပညာ တွေကို အသုံးပြုလာနိုင်လို့ မသမာမှုအတွက် နည်းပညာတစ်ခုခုကို အသုံးချဖြေဆိုခြင်းကို ပုဒ်မခွဲငယ် (င)မှာလည်းကောင်း၊ စာစစ်အဖွဲ့က မသမာနည်းဟု အခါအားလျော်စွာ သတ်မှတ်တဲ့နည်းလမ်းကို ပုဒ်မခွဲငယ်(၁၂)မှာလည်းကောင်း ဖြည့်စွက်ပြဋ္ဌာန်းထားတာကို ထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာစစ်အဖွဲ့ဥပဒေကို ခြုံငုံကြည့်တဲ့အခါ မသမာသောနည်းများနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုမှု၊ အရေးယူမှုတွေကို အလေးထား ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ စာမေးပွဲဆိုတာ သင်တန်းသားတတ်မြောက်မှု ရှိ/မရှိ၊ တစ်နည်းဆိုရင် သင်ကြားရေး ရည်မှန်းချက်တွေ

ပေါက်ရောက်မှုရှိ/မရှိကို ဆန်းစစ်အကဲဖြတ်၊ ဆုံးဖြတ်တာဖြစ်လို့ သမာသမတ်ကျစွာ ဘက်လိုက်မှု ကင်းစွာ ဆောင်ရွက်ရပါတယ်။ မသမာမှုတွေကို လျစ်လျူရှုခဲ့မယ်ဆိုရင် စာမေးပွဲစစ်ဆေးခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်မှာမဟုတ်ပါဘူး။ တစ်နည်းဆိုရင် ပညာရေးစနစ်တစ်ခု အဆင့်အတန်း၊ အရည်အသွေး၊ အာမခံနိုင်မှုဟာ မသမာသောနည်းဖြင့် ဖြေဆိုခြင်းကို ထိန်းကွပ်နိုင်မှုအပေါ် မှာ များစွာ တည်မှီနေတာဖြစ်ပါတယ်။

သို့ပါသောကြောင့် ယခုပြင်ဆင်ပြဋ္ဌာန်းထားတဲ့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေးနက်စွာ ထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီးရဲ့ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ အခု ကျွန်တော်ဆွေးနွေးမှာကတော့ အမျိုးသား လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်ရန် အဆိုပြုထားတဲ့ ပြဋ္ဌာန်းချက်ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီဥပဒေကို ကျွန်တော် ဆွေးနွေး တဲ့အခါမှာ အပိုင်း(၂)ပိုင်းနဲ့ ကျွန်တော် ခွဲပြီး ဆွေးနွေးပါမယ်။

ပထမတစ်ပိုင်းက ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားမှာ ပါတဲ့ ပြဋ္ဌာန်းချက်များနဲ့ နောက်ဒုတိယအပိုင်းကတော့ ဒီဇယားမှာမပါတဲ့ မူလဥပဒေ ၁၉၇၃ ခုနှစ်၊ ပြဋ္ဌာန်းချက်ကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီဥပဒေကို ကျွန်တော် မဆွေးနွေးခင်မှာ အနည်းငယ် အကြံပြုချင်ပါတယ်။ ဒီဥပဒေဟာ ပထမဆုံးပြင်ဆင်တဲ့ First Code ဖြစ်တဲ့အတွက် ဒီဥပဒေရဲ့ အဆိုပြုချက်ဇယားမှာ ဖြန့်ဝေထားတဲ့ဇယားမှာ မူလဥပဒေကို ဖော်ပြထားခြင်းမရှိတဲ့အတွက် ဆွေးနွေး တဲ့လူတွေဟာ အခက်အခဲရှိပါတယ်။ ဒါဘာလဲဆိုတော့ ကနဦးပြင်ဆင်ချက်၊ အဆိုပြုချက်ဖြစ်တဲ့ အတွက် ဒီဥပဒေမှာ ပြဋ္ဌာန်းချက်တွေကို ဇယားမှာ ထည့်ပေးမှသာ ဆွေးနွေးတဲ့လူတွေက ဒီဥပဒေ တစ်ခုလုံးကို ခြုံငုံပြီးတော့ သုံးသပ်ဆွေးနွေးရမှာ ဖြစ်ပါတယ်။

ဒါမှသာ မိမိတို့ဆွေးနွေးတဲ့ အပိုဒ်တွေဟာ ရှေ့မှာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း ရှိ/မရှိ၊ နောက်ပြီးတော့ ပြစ်မှု၊ ပြစ်ဒဏ် ဒီဥပဒေမှာ ဘယ်လောက်မျှတမှုရှိ/မရှိ စသည်အားဖြင့် ဒီဆွေးနွေး ချက်တွေဟာ ကိုယ်ရဲ့ဆွေးနွေးချက်တွေဟာ လျော်ကန်သင့်မြတ်မှုရှိ/မရှိ ဆိုတာတွေ၊ နောက်ပြီးတော့ ပြည့်စုံမှုရှိ/မရှိဆိုတာ သုံးသပ်ရမှာဖြစ်တဲ့အတွက် ဒါဟာ ပထမဦးဆုံး ကျွန်တော် ဒါအကြံပြုခြင်း ဖြစ်ပါတယ်။ ဒါ ကျွန်တော် ဥပဒေစပြီးတော့ ဆွေးနွေးပါ့မယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။

ဒါက ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၃)၊ အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မ ၂(င)ရဲ့ (၅)ပါ။ နည်းပညာတစ်ခုကို အသုံးချခြင်းလို့ အသစ်ဖြည့်စွက်ထားတာဖြစ်ပါတယ်။ ဒါက ဘာလဲဆိုရင် အသစ်ဖြည့်စွက်ထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် မသမာသောနည်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ဥပဒေအစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ဒီမှာနည်းပညာတစ်ခုခုကို အသုံးပြုခြင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒါ အငြင်းပွားစရာ ဖြစ်ပါတယ်။ နည်းပညာဆိုတဲ့နေရာမှာ အမျိုးမျိုးအဓိပ္ပာယ်ကောက်ယူလို့ရတဲ့အတွက် ဒီနည်းပညာကို သတ်သတ်မှတ်မှတ် ထင်ထင်ရှားရှားဖြစ်အောင် ကျွန်တော်တို့ ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နည်းပညာဆိုတာ လူတိုင်းသိတယ်ဆိုပေမယ့်လည်း သိပ္ပံနည်းပညာနဲ့ ဆန်းသစ်တီထွင်ဥပဒေမှာ နည်းပညာကို အဓိပ္ပာယ်ဖွင့်ဆိုတားတာက လက်ရှိ ဒီစာစစ်ဥပဒေနဲ့ဆိုရင် ဘာမှမဆိုင်ဘူး။ အဲလိုပဲ ဒီစာစစ်ဥပဒေမှာ သုံးမယ့်နည်းပညာက ဘယ်လိုနည်းပညာလဲဆိုတာကို သီးခြား Definition ဖွင့်ချင်ဖွင့်၊ မဖွင့်ဘူးဆိုရင် ဒီနည်းပညာရဲ့ရှေ့မှာ အသုံးမပြုနိုင်တဲ့ နည်းပညာတစ်ခုကို ထည့်သွင်းရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အကြံပြုချင်တာက အီလက်ထရောနစ်နည်းပညာတစ်ခုခုကို အသုံးပြု၍ ဖြေဆိုခြင်းလို့ ကျွန်တော် ဒီလို ဖြည့်စွက်ချင်ပါတယ်။

ဒုတိယ ကျွန်တော် ပြင်ဆင်မှာကတော့ ဒါကတော့ လူစားလဲ၊ လူစားထိုးဖြေဆိုတဲ့နေရာမှာတော့ “အ” တစ်လုံးပါပဲ။ “အ” တစ်လုံးဖြည့်ဖို့ အကြံပြုတာပါ။ ဒါကလည်း အဲဒါ ဥပဒေရေးထုံးနဲ့ ညီညွတ်ဖို့အတွက် အစားထိုး၊ လူစားထိုးဆိုတဲ့နေရာမှာ လူအစားထိုးလို့ ပြောင်းလဲပေးရင်ရပါပြီ။ နောက် ဒါကတော့ ၂(င)ရဲ့ (၇)ဖြစ်ပါတယ်။ ၂ (င)ရဲ့ (၇)မှာ အဖြေလွှာကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း ပြင်ပအကူအညီဖြင့်သော်လည်းကောင်း၊ ဖြေဆိုသော အခြားသူတစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း သို့မဟုတ် စာမေးပွဲဖြေဆိုပြီးနောက် တစ်နည်းနည်းနှင့် လဲလှယ်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်း ဆိုပြီးတော့ ကျွန်တော် ထပ်မံဖြည့်စွက်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာက ပြင်ပအကူအညီဖြင့်သာ ပါပြီးတော့ ဖြေဆိုသူ အခြားသူတစ်ယောက်ကလည်း အကူအညီနဲ့ပဲ ဒီအဖြေလွှာကို လဲလှယ်ခွင့် မရှိပါဘူး။ ဒီဥပဒေအရဆိုရင်။ ဒါကြောင့်မို့ ကျွန်တော် ဒီမှာထပ်ဖြည့်စွက်တာ ဖြစ်ပါတယ်။

ဒါ နောက်တစ်ခုအနေနဲ့ ကျွန်တော် အသစ်ဖြည့်စွက်ထားတဲ့ ၂(စ)ဆိုတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော့်အနေနဲ့ အသစ်ဖြည့်စွက်ထားတာပါ။ ဘာလို့လဲဆိုတော့ ဒီဥပဒေမှာ မေးခွန်းတို့၊ အဖြေလွှာတို့ဆိုတာ ဒါက ဒီမှာ ကြိမ်ဖန်များစွာ သုံးထားတဲ့အတွက် ဒီမေးခွန်းတို့၊ အဖြေလွှာတို့မှာ ဒါ သီးခြား အဓိပ္ပာယ်ဖွင့်ဆိုပေးရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မေးခွန်းဆိုတဲ့နေရာမှာ နှုတ်မေးခွန်းတွေ၊ စာမေးခွန်းတွေ ဖြစ်သလို ဒီဥပဒေမှာ အကျုံးဝင်တာက စာနဲ့မေးတဲ့မေးခွန်းဖြစ်တဲ့အတွက် ဒီဥပဒေမှာ သုံးထားတဲ့ စကားရပ်ကို အဓိပ္ပာယ် တိတိကျကျဖြစ်အောင် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုပေးရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီစကားရပ်က လူတိုင်းသိတဲ့ စကားဆိုပေမယ့်လည်း ဒီဥပဒေမှာ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အတိုင်းသာလျှင် ဒီဥပဒေမှာ သုံးစွဲရမှာဖြစ်တဲ့အတွက် ဥပမာဆိုကြပါစို့၊ ကျွန်တော်တို့ လွှတ်တော်ဆိုလျှင် လူတိုင်းသိတယ်၊ သို့သော်လည်း လွှတ်တော်ကို အမျိုးသားလွှတ်တော်မှာ ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပြည်သူ့လွှတ်တော်မှာ ပြဋ္ဌာန်းထားတဲ့

အဓိပ္ပာယ်ဖွင့်ဆိုချက် မတူသလိုပဲ၊ စာမေးပွဲတို့၊ မေးခွန်းတို့၊ အဖြေလွှာတို့ဆိုတာလည်း သီးခြားဖွင့်ဆို ပေးရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီဥစ္စာကို အသစ်ဖြည့်စွက်ပေးဖို့ အကြံပြုတာဖြစ်ပါတယ်။

မေးခွန်းဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အခြေခံအဆင့်မြင့်သင်ကြားမှုဥပဒေအရ စစ်ဆေးသော စာမေးပွဲတွင်ဖြေဆိုရန် မေးထားသော အကြောင်းအရာ သို့မဟုတ် မေးခွန်းကိုဆိုသည်ပေါ့။ ကျွန်တော် ဒီလို ဖြည့်စွက်ချင်ပါတယ်။ နောက် ဒါက အဖြေလွှာဆိုတဲ့ဟာ၊ အဖြေလွှာကိုလည်း သီးခြားအဓိပ္ပာယ်တစ်ရပ်အနေနဲ့ Definition ဖွင့်ဖို့ အတွက်ကို ကျွန်တော် ဒီမှာ အကြံပြုထားတာ ဖြစ်ပါတယ်။

အဖြေလွှာဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ထားသော မေးခွန်းကို ဖြေဆိုခြင်းကို ဆိုသည်။ မေးခွန်းကို ဖြေဆိုခြင်းကိုဆိုသည် ဆိုတဲ့နေရာလည်း ရပါတယ်။ ဖြေဆိုလွှာကိုဆိုသည် ဆိုလည်း ရပါတယ်။ ဖြေဆိုလွှာဘာလို့လဲဆိုတော့ ၄(ဇ) (၃)မှာ စာဖြေလွှာဆိုတဲ့ စကားရပ်တစ်ခု ထည့်သွင်းထားတဲ့အတွက် စာဖြေလွှာကိုဆိုလိုသည် ဆိုလည်းရပါတယ်။ နောက်တစ်ခုက ဒါက အသစ်ဖြည့်စွက်ထားတဲ့ မသမာနည်း၊ မသမာသောနည်းဆိုတဲ့ Definition မှာ (၁၂)၊ အခန်း(၁၂) အနေနဲ့ နောက်တစ်ခု ထပ်ဖြည့်ထားတဲ့ ဒါ ပြင်ဆင်ချက်ကို ကျွန်တော် ဆွေးနွေးတာဖြစ်ပါတယ်။ ဒီမှာက မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သောနည်းဖြင့် ဖြေဆိုခြင်းဆိုတဲ့နေရာမှာ စာစစ် အဖွဲ့က မသမာသောနည်းဟု မှတ်ယူသောဖြေဆိုသူကို အခါအားလျော်စွာ သတ်မှတ်တဲ့ နည်းလမ်းနဲ့ ဖြေဆိုခြင်းလို့ ဒီမှာ ကျွန်တော် ပြင်ဆင်ချင်တယ်။ ဘာလို့လဲဆိုတော့ အဆိုပြု ပြင်ဆင်ပြဋ္ဌာန်းချက်ထဲမှာ စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်ထားတယ်ဆိုတဲ့ စကားက တုံးတိကြီး ဖြတ်ထားတာ ဆိုတဲ့အတွက် အဲဒီမှာ အဓိပ္ပာယ်ပြည့်စုံမှုမရှိတဲ့အတွက် အဓိပ္ပာယ်ပေါ်လွင်အောင် ကျွန်တော်က မသမာသောနည်းဟုမှတ်ယူသော ဖြေဆိုသူကို အခါအားလျော်စွာ သတ်မှတ်သော နည်းဖြင့် ဖြေဆိုခြင်းလို့ ကျွန်တော်က အကြံပြုချင်တာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီမသမာသော နည်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်က မူလပြဋ္ဌာန်းချက်မှာ (၁၀)ချက်ရှိသလို နောက်ထပ် အသစ်ဖြည့်စွက် ထားတာ (၂)ခုနဲ့ဆို (၁၂)ခုရှိပါတယ်။ ဒါက ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်ထဲကဟာကို ကျွန်တော် ဆွေးနွေးတာ ဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ မသမာသောနည်းဆိုတဲ့နေရာမှာ အပိုဒ်ခွဲငယ်(၁)က စာအုပ်မှတ်စုနှင့် ပုံနှိပ်ခြင်း သို့မဟုတ် ရေးပြီး သို့မဟုတ် အလွတ်စာရွက် သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဆိုတဲ့ နေရာမှာ ကျွန်တော်က အလွတ်စာရွက်ဆိုတဲ့ဟာကို ပယ်ဖျက်ပေးဖို့ ကျွန်တော်ဒီမှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်က အပိုဒ်ခွဲငယ်(၁)အနေနဲ့ စာအုပ်မှတ်စုနဲ့ပုံနှိပ်ပြီး သို့မဟုတ် ပစ္စည်းတစ်ခုခုတွင် စာများရေးသား၍ မိမိနှင့်အတူထားရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါဆိုတဲ့ နေရာမှာ လက်ကို ဒီနေရာမှာ ကျွန်တော် ဖြုတ်ချင်ပါတယ်။ ဒါ နောက်တစ်ခု၊ ဒါကတော့ အပိုဒ်ခွဲငယ် (၂) ဖြစ်ပါတယ်။ အပိုဒ်ခွဲငယ်(၂)မှာ အဆိုပါ ဝတ္ထုပစ္စည်းကို ကူးယူခြင်းဆိုတဲ့နေရာမှာ ဝတ္ထုဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပြီးတော့ အဆိုပါ ပစ္စည်းမှကူးယူခြင်းလို့ ကျွန်တော်ဒီမှာ ပြင်ဆင်ဖို့အတွက် အကြံပြုပါတယ်။

ဒါက ပုဒ်မခွဲငယ်(၄) ဖြစ်ပါတယ်။ ဒါ မူလပြင်ဆင်ချက်မှာက စာမေးပွဲဖြေဆိုသူ အခြား တစ်ဦးဦးနှင့်သော်လည်းကောင်း၊ စာမေးပွဲဖြေဆိုသူ မဟုတ်သော ပြင်ပမှပုဂ္ဂိုလ်တစ်ဦးဦး နှင့်သော် လည်းကောင်း၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ခြင်းလို့ ပြင်ဆင်ထားတဲ့နေရာမှာ ပြင်ပဆိုတဲ့ စကား တစ်ရပ်၊ စကားရပ်ပါပြီးဖြစ်တဲ့အတွက် စာမေးပွဲဖြေဆိုသူ မဟုတ်သောဆိုတဲ့စကားရပ်က ထည့်သွင်း စရာမလိုအပ်တဲ့အတွက် ဒီစာမေးပွဲဖြေဆိုသူမဟုတ်သော ဆိုတဲ့ စကားရပ်ကို ဖြုတ်ပြီးတော့ ပြင်ပမှ ပုဂ္ဂိုလ် တစ်ဦးဦးဆိုတဲ့နေရာမှာ ပုဂ္ဂိုလ်ကို ပယ်ဖျက်ပေးဖို့ ကျွန်တော် ဒီမှာ ဆွေးနွေးတာ ဖြစ်ပါတယ်။

ဒါဆိုရင် စာမေးပွဲဖြေဆိုသူ အခြားတစ်ဦးဦးနှင့်သော်လည်းကောင်း၊ ပြင်ပမှ တစ်ဦးဦးနှင့် သော်လည်းကောင်း တစ်နည်းနည်းနှင့်ဆက်သွယ်ခြင်းဆိုရင် ဒီဥပဒေက ပြည့်စုံပြီလို့ ယူဆလို့ရ ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော် ၂(င)ရဲ့ အပိုဒ်ခွဲငယ်(၆) ဖြစ်ပါတယ်။ မူလ ၇၄ ပြင်ဆင်ချက် မှာက စာစစ်ချိန်စေ့သောအခါလို့ ပြင်ဆင်ထားတာရှိပါတယ်။ နောက်တစ်ခုက သက်ဆိုင်ရာသို့ မပေးအပ်ဘဲ ပြင်ပသို့ ယူဆောင်ခြင်းဆိုတဲ့နေရာမှာ ဒီစာစစ်ချိန်ဆိုတာက ဒီမှာ သုံးလို့မရတဲ့ စကားရပ် ဖြစ်ပါတယ်။ ဒါစာမေးပွဲဖြေဆိုချိန်ဖြစ်တဲ့အတွက် စာမေးပွဲဖြေဆိုချိန်ပြီးဆုံးသွားသောအခါ ဆိုတဲ့ စကားရပ်ကို ဒီမှာ အစားထိုးပြီးတော့ မပေးအပ်ဘဲ ဆိုတဲ့ စကားရပ်ကို ဒီမှာ ပယ်ဖျက်ပြီးတော့ မိမိအဖြေလွှာကို ပြင်ပသို့ ယူဆောင်ခြင်းမပြုရဆိုတဲ့ စကားရပ်ကို ပြင်ဆင်ဖို့ ဆွေးနွေးရင်းနဲ့ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၄။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ ကျွန်တော် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးရတဲ့ မူလရည်ရွယ်ချက် ပညာရေးဝန်ကြီးဌာနမှချမှတ်သော မူဝါဒနှင့် ကိုက်ညီမှုရှိစေရန်၊ ခေတ်ကာလနှင့် လျော်ညီသော အခေါ်အဝေါ်၊ အသုံးအနှုန်းများ မှန်ကန်မှု ရှိစေရန်အပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဆွေးနွေးချက်(၁) ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြချက်ဇယား၊ ဇယား(၂) ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)တွင် စာမေးပွဲဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာသတ်မှတ်သော အခြေခံပညာရေးအဆင့်သင်ကြားမှုပြီးဆုံးသည့်အခါ ဤဥပဒေအရ စာစစ်အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အဆိုပါ

စာစစ်အဖွဲ့သို့ သီးခြားတာဝန်ကိုလွှဲအပ်၍ စစ်ဆေးသောအခြား စာမေးပွဲကိုသော်လည်းကောင်းဆိုသည်။ ဒီနေရာမှာ အခါအားလျော်စွာဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ သတိထားမိပါတယ်။

ထိုနည်းတူစွာ ဒီပုဒ်မ ၂၊ ပုဒ်မခွဲ (က)မှာလည်း အောက်ပါအတိုင်း အစားထိုးရမယ်ဆိုတဲ့ အချက်တွေ ပါ ပါတယ်။ စာမေးပွဲဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော ဒီဥပဒေတစ်ခုလုံးနဲ့ပတ်သက်ပြီးတော့ ကြည့်လိုက်ခြင်းအားဖြင့် အခါအားလျော်စွာ ဆိုတဲ့ စကားလုံးတော်တော်များများ တွေ့ရှိရမှာဖြစ်ပါတယ်။ ပုဒ်မ တော်တော်များများမှာ၊ ဒီနေရာမှာ အလျဉ်းသင့်လို့ အခါအားလျော်စွာ ဆိုတဲ့စကားလုံးနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးချင်ပါတယ်။ စည်းကမ်း၊ အခါအားလျော်စွာ ထုတ်ပြန်တဲ့စည်းကမ်း၊ အခါအားလျော်စွာထုတ်ပြန်တဲ့ အမိန့်၊ အခါအားလျော်စွာ ထုတ်ပြန်တဲ့ ညွှန်ကြားချက်၊ ဒါတွေက ကျွန်တော်တို့ တိကျမှုကို လိုနေတဲ့သဘောမှာ ယူဆမိပါတယ်။ အခါအားလျော်စွာ ကျွန်တော်တို့ ငယ်ငယ်တုန်းက အတန်းပညာတက်တဲ့ ကျောင်းတစ်ကျောင်းမှာ ကျောင်းဝင်တဲ့အချိန်မှာ ကျောင်းစည်းကမ်းတွေ သတ်မှတ်ထားတာ ရှိပါတယ်။ အခါအားလျော်စွာ ထုတ်ပြန်တဲ့စည်းကမ်း၊ အခါအားလျော်စွာ ထုတ်ပြန်တဲ့ အမိန့်၊ ဘာစည်းကမ်းထုတ်ပြန်မှန်းမသိတဲ့အခါကျရင် ဘာတိကျမှုတစ်ခုခုကို မတွေ့တဲ့အခါကျ ကျွန်တော်တို့ လိုက်နာရပါမယ် ဆိုပြီးတော့ ဒီဥပဒေထဲမှာ ပါလာပါတယ်။ ဒါကြောင့် ဒီအခါအားလျော်စွာ ဆိုတဲ့စကားရပ်ကို ကျွန်တော်တို့ ဒါကို ဖျက်သိမ်းဖို့အတွက် ပယ်ဖျက်ပေးစေချင်ပါတယ်။ ဒါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးလည်း စဉ်းစားစေချင်ပါတယ်။

နောက်တစ်ခုက ၁၉၇၃ ခုနှစ်၊ ပုဒ်မ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၀၊ ၁၁ မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်း၊ ဒီအထဲမှာ မေးခွန်းကို စာမေးပွဲ မတိုင်မီကြိုတင်၍ ရယူခြင်း၊ မတရားသောနည်းဖြင့် ရယူခြင်းဆိုတာကို ကျွန်တော် မတရားသောနည်း ဖြင့်ဆိုတာကို ဖျက်သိမ်းချင်ပါတယ်။ ဆိုတော့ မေးခွန်းကို စာမေးပွဲမတိုင်မီ ဘယ်လိုနည်းနဲ့မှ ယူလို့ မရပါဘူး။ မတရားသောနည်းပဲဖြစ်ဖြစ်၊ တရားသောနည်းပဲဖြစ်ဖြစ် ဘယ်လိုမှ ယူလို့မရပါဘူး။ အဲဒီအချက်ကို မေးခွန်းကို စာမေးပွဲမတိုင်မီ မတရားသောနည်းဖြင့် ရယူခြင်းဆိုတာကို မတရားသောနည်းဖြင့်ကို ကျွန်တော်တို့က ဖျက်စေချင်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၁၂၊ စာစစ်အဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်း ဒါကို ဖျက်သိမ်းချင်ပါတယ်။ ပြီးတော့နောက်ထပ် ၁၂ မှာ ပြန်ပြီးတော့ တိုးချဲ့ပုဒ်မတစ်ခုအဖြစ် ၁၂ မှာ စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်း၊ စာစစ်အဖွဲ့က မသမာသောနည်းဆိုပြီးတော့ မသမာသောနည်းက ဘာတွေဖြစ်တယ်၊ ၁၂ ချက်ရှိတယ်ဆိုတာ ဖော်ပြထားပြီးသားရှိပါတယ်။ မသမာသောနည်းဟာ ဒီနည်းတွေ၊ ဒီနည်းတွေ ပါတယ်ဆိုတာ ဖော်ပြထားပြီးသားဖြစ်ပါတယ်။ အခါအားလျော်စွာ ပြဋ္ဌာန်းသတ်မှတ်ဦးမယ်။ ဘယ်လို အခါအားလျော်စွာဆို ဘယ်အချက်တွေကို အခါအားလျော်စွာပြန်ပြီးတော့ ထပ်ထည့်လဲဆိုတာ ကျွန်တော်တို့ မသိနိုင်တဲ့အတွက် အခါအားလျော်စွာကိုလည်း ပြန်ပြီးတော့ ဒီအချက်ထဲမှာပါတဲ့ အခါအားလျော်စွာကိုလည်း ပြန်ပြီးတော့ ဖျက်သိမ်းစေချင်ပါတယ်။ ပယ်ဖျက်ပေးစေချင်ပါတယ်။

နောက်ဆုံးတစ်ခု ပြန်ဆွေးနွေးချင်တာကတော့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၅(က)တွင် ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းကို ထုတ်ပြန်နိုင်သည်။ (ခ) မြန်မာနိုင်ငံစာစစ်ဦးစီးများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ဒီ ပုဒ်မနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ဥပဒေတစ်ခုရဲ့ သက်ရောက်မှုအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ မှာ ဖော်ပြထားတာရှိပါတယ်။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာ အာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်လို့ ဖော်ပြထားပါတယ်။ ထိုနည်းတူစွာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်၏ ဥပဒေ ပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တရားစီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ်သောဥပဒေအာဏာကို ခွဲဝေအပ်နှင်းသည်လို့ ဖော်ပြပါရှိပါတယ်။

၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေ၊ ပြင်ဆင်သည့်ဥပဒေ ဒီ ပုဒ်မနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ယှဉ်ကြည့်ရင် ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်ဆိုတဲ့ အချက်မှာ တစ်ခါတလေကျရင် ပြန်စဉ်းစားကြည့်ရင် ဥပဒေတစ်ခု၊ ဥပဒေပြုခွင့်ဟာ လွှတ်တော်မှာပဲ ရှိတယ်ဆိုတာ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ပုဒ်မတွေမှာ ဖော်ပြပြီးသား ရှိပါတယ်။ တစ်ခါတလေကျရင် ကျွန်တော်တို့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့လည်း လွှတ်တော်ဥပဒေပြုခွင့်သည် လွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်သာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ပုဒ်မနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံးအနေဖြင့် ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည် ဆိုတဲ့အချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး သေချာစဉ်းစား၊ ဆုံးဖြတ်ပြီးတော့ ဆွေးနွေးသင့်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၁။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင် ဖြစ်ပါတယ်။ ကျွန်တော်က ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာကြည့်လိုက်တဲ့အခါမှာ အခန်း (၃) ခန်းနဲ့ ပုဒ်မ (၅) ခုသာ ပါရှိကြောင်း တွေ့ရှိရပါတယ်။

အဲဒါနဲ့ ထူးခြားချက်ရှိတဲ့ ဒီ ၁၉၇၃ ခုနှစ်၊ စာစစ်အဖွဲ့ ဥပဒေသည် တစ်နေ့တည်း တစ်ရက်တည်းမှာပဲ သူနဲ့ အဲဒီအချိန်တုန်းက ထုတ်ပြန်ခဲ့တဲ့ ဥပဒေ (၄)ခုပါတွေ့ရပါတယ်။ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ တစ်ရက်တည်းမှာပဲ တော်လှန်ရေးကောင်စီဥပဒေအမှတ်(၁၃)၊ တက္ကသိုလ်ပညာရေး ဥပဒေအမှတ်(၁၄)၊ အခြေခံပညာရေးဥပဒေ အမှတ်(၁၅)၊ ပညာရေးသုတေသနဥပဒေ အမှတ်(၁၆) မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေတို့ကို တွဲဖက်လေ့လာကြည့်လိုက်တဲ့အခါမှာ မူလစာစစ်အဖွဲ့ဥပဒေသည် (၁) ဒီမိုကရေစီစနစ် စတင်ပျက်သုဉ်းစေသည့် တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းထားခြင်း၊ (၂) ဆိုရှယ်လစ်စနစ်ကို အထောက်အကူဖြစ်စေရန်ဟု နိဒါန်းတွင်ဖော်ပြခဲ့ပြီး၊ (၃) ရည်မှန်းချက် မပါရှိခြင်း၊ တစ်နည်းအားဖြင့် ရည်မှန်းချက်ကို မြှုပ်ကွက်အဖြစ် ထားရှိထားခြင်း၊ (၄) စာစစ်အဖွဲ့အစစ်အမှန်၏ အရေးပါမှုကို သေးသိမ် မှေးမှိန်စေပြီး အာဏာရှင်၏အလိုကျ ကြီးကြပ်မှုအဖွဲ့ကို စာစစ်အဖွဲ့အမည်ခံထားခြင်း၊ (၅) စာစစ်အဖွဲ့ အစစ်အမှန်၏ တာဝန်ခံမှု၊ တာဝန်ယူမှုကို လုံးဝ ပြဋ္ဌာန်းထားမှုမရှိခြင်း၊ (၆) နိုင်ငံတကာစံနှုန်းနှင့်အညီ (Electronic Calculator) တစ်နည်းအားဖြင့် (Scientific Calculator) သုံးစွဲမှုကို တားမြစ်ထားသဖြင့် အဆင့်မီသိပ္ပံပုစ္ဆာများ သင်ကြားမှုကို ပိတ်ပင်ထားရာရောက်ခြင်း၊ (၇) ဤဥပဒေသည် လက်တွေ့အားဖြင့် အာဏာရှင် ခေတ်အဆက်ဆက်က ဆက်လက် ကျင့်သုံးလာပြီး မြန်မာပြည်၏ ပညာရေးအဆင့်နိမ့် ကျလာခြင်းများကြောင့် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ဤဥပဒေကို အသစ်ရေးဆွဲ၍ ရုပ်သိမ်းရမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်က ၁၉၇၃ ခုနှစ်၊ မူလစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်ရုံဖြင့် မလုံလောက် အသစ်ရေး၍ ရုပ်သိမ်းရမယ်ဆိုတာကို အကြောင်းပြချက်အဖြစ် စာစစ်အဖွဲ့ အစစ်အမှန်ရဲ့ အရေးပါမှု၊ ကမ္ဘာမှာလည်း စာစစ်အဖွဲ့များဟာ ပညာရေးမြင့်မားဖို့ ဦးဆောင်နေပုံနဲ့ စာစစ်အဖွဲ့ရဲ့ မေးခွန်း၊ မေးခွန်းပုံစံ၊ အမှတ်ပေးစည်းမျဉ်းများကြောင့် ပညာရေးအဆင့် နိမ့်ခြင်း၊ မြင့်ခြင်း ဖြစ်ပေါ်ကြောင်းကို အကြောင်းပြချက်ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ တစ်ဆက်တည်းမှာပဲ အချိန်မလုံလောက်ခဲ့ရင်လည်း အချိန်ပိုခွင့်ပြုပေးပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ပညာရေးကို မြားတစ်စင်းလို့ ဥပမာထားမယ်ဆိုလို့ရှိရင် စာစစ်အဖွဲ့ကတော့ မြားရဲ့အသွား၊ မြားရဲ့ထိပ်ဦးပိုင်းပဲ ဖြစ်ပါတယ်။ မြားရဲ့အသွားထိပ်ဦးပိုင်းဟာ တည့်နေ၊ ချွန်နေ၊ မာကျောနေမှသာ လိုရာပစ်မှတ်ကို ထိစိုက်နိုင်မှာ ဖြစ်ပါတယ်။ နောက်က မြားတံနဲ့ ပစ်တဲ့ပစ်အား ဘယ်လောက်ပဲကောင်းကောင်း မြားဦးအသွားဟာ တုံးနေ၊ ကောက်နေရင်တော့ ပစ်မှတ်နဲ့လွဲ ရည်မှန်းချက်ကို ရောက်မှာမဟုတ်ပါဘူး။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စာစစ်အဖွဲ့ရဲ့ မေးခွန်း၊ မေးခွန်းပုံစံအတိုင်း၊ အမှတ်ပေးစည်းမျဉ်းအတိုင်း ဆရာတွေက သင်ပေးကြရပါတယ်။ ကျောင်းသားတွေကလည်း သင်ယူဖြေကြားကြရပါတယ်။ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသာမက၊ သက်ဆိုင်ရာအာဏာပိုင်များကလည်း မိမိဒေသ အောင်ချက်မြင့်မားရေး အတွက် မေးခွန်းပုံစံအတိုင်းလေ့ကျင့်၊ ဖတ်စာအုပ်ထဲကအတိုင်းဖြေကြားလို့ တတွတ်တွတ် ရွတ်နေကြတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ဝိဇ္ဇာပဲဖြစ်ဖြစ်၊ သိပ္ပံပဲဖြစ်ဖြစ်၊ မြန်မာစာ၊ အင်္ဂလိပ်စာဘာပဲဖြစ်ဖြစ်၊ တတ်တာ၊ မတတ်တာကို စစ်ဆေးတာမဟုတ်၊ နားလည်တာ၊ နားမလည်တာကို စစ်ဆေးတာမဟုတ်၊ ဖတ်စာအုပ်ကို အသေကျက်ပြီး၊ ဖတ်စာအုပ်နဲ့ မလွဲအောင် ရေးနိုင်ရင် အမှတ်ရမယ်ဆိုတဲ့

မြန်မာနိုင်ငံစာစစ်အဖွဲ့ရဲ့မူကို ထိန်းချုပ်တည့်မတ်နိုင်မယ့် ဥပဒေအချက်အလက်ကို အသစ်ရေးဆွဲမယ့် စာစစ်အဖွဲ့ ဥပဒေသစ်မှာ မလွဲမသွေ ထည့်သွင်းရေးဆွဲပေးရမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေထဲမှာ ရည်မှန်းချက် လုံးဝမပါ ပါဘူး။ သူနဲ့ တစ်ရက်တည်း ဆွဲထားတဲ့ ပညာရေးဥပဒေ၊ တက္ကသိုလ်ပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေတွေမှာ ရည်မှန်းချက်တွေ ထည့်ထားပါတယ်။ ကျွန်တော်ကတော့ သံသယ ဖြစ်ပါတယ်။ ရည်မှန်းချက်ကို သူတို့က မြုပ်ကွက်အဖြစ် ထားခဲ့ပုံပဲ။ အခု ဒီဥပဒေမှာပါရှိတဲ့ ရည်မှန်းချက် ပျောက်ဆုံးနေတဲ့ ဒီမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို အမျိုးသားပညာရည် မြင့်မားရေး၊ ကမ္ဘာ့အဆင့်မီရေးကို ဦးတည်ပြီး ရည်ရွယ်ချက်များဆိုတဲ့ အခန်းအသစ်(၁)ခန်း ဖြည့်စွက် ထည့်သွင်းရေးဆွဲပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှားကိုမြင်မှ အမှန်ကိုပြင်နိုင်မှာဖြစ်တဲ့အတွက် တံခါးပိတ်ဝါဒကို ကျင့်သုံးပြီး မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့လမ်းစဉ်နဲ့ ပညာရေးမူဝါဒတစ်ခု ချမှတ်ခဲ့တဲ့ မူလစာစစ်ဥပဒေ ပြဋ္ဌာန်းခဲ့တဲ့ တော်လှန်ရေးကောင်စီရဲ့ စာစစ်အဖွဲ့ရဲ့ အမှားတစ်ခုဟာ ယနေ့စာစစ်အဖွဲ့ အထိပါရှိလို့ လာနေပါတယ်။ နှစ်ပေါင်း(၄၀)ကျော် အမှားကြာလာလို့ အမှန်လို့ မြင်မိနေကြပြီဖြစ်တဲ့အတွက် အန္တရာယ်ကြီးမားလှပါတယ်။ အဲဒီအမှားကို အမှားလို့ မြင်သိလက်ခံပြီး ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံစာစစ် ဥပဒေသစ်မှာ ထည့်သွင်းပြင်ဆင်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ပညာရေးဟာ ဦးမော့လာ နိုင်စရာရှိပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီ အမှားဖြစ်ရပ်လေးကို တင်ပြ ခွင့်ပြုပါခင်ဗျား။ အဲဒီတုန်းကဆိုရင် ကျွန်တော်တို့က ကျောင်းသားပဲ ရှိပါသေးတယ်။ သိပ္ပံဘာသာရပ်များကို မြန်မာလို သင်ကြားဖို့ မူဝါဒချမှတ်ပြီးတော့ တကယ့်သိပ္ပံရဲ့ အသက်သွေးကြောဖြစ်တဲ့ Physics မိုးလေဝသမှာလည်းသုံးတယ်၊ အင်ဂျင်နီယာဘာသာမှာလည်း သုံးတယ်။ အဲဒီတော့ Physics (ရူပဗေဒဘာသာ)မှာ Velocity ကို (အလျင်)လို့ ဘာသာပြန်ခဲ့တယ်။ Speed ကို (အမြန်)၊ Acceleration ကို (အရှိန်)၊ Momentum ကို (အဟုန်)လို့ ပြန်ဆိုပြီးတော့ သူတို့ရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက် များကိုလည်း ကျက်မှတ်ရပါတယ်။ စာမေးပွဲမှာလည်းမေးပါတယ်။ အဲပြဿနာက မြန်မာစကားမှာ လျင်တာနဲ့ မြန်တာကအတူတူပဲ၊ အရှိန်နဲ့အဟုန်က အတူတူပဲ၊ ဒါပေမဲ့ Physics မှာအသုံးပြုတဲ့ Velocity နဲ့ Speed နဲ့ က တခြားစီ၊ Acceleration က တစ်လွဲ၊ Momentum က သတ်သတ်စီ ဖြစ်တယ်။ သင်္ချာရှုထောင့်က ပြောမယ်ဆိုရင် သူတို့ရဲ့ Formula တွေက သတ်သတ်စီ ဖြစ်တယ်။ Unit တွေ လည်းမတူဘူး။

အဲဒီတော့ ကျွန်တော်တို့ မြန်မာတွေဖြစ်ပြီး မြန်မာတွေနားမလည်တဲ့ ဒီလို အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ကျွန်တော်တို့ဟာ အလွတ်ကျက်ရပါတယ်။ အလျင်ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် စာသား သုံးလေးကြောင်းရှိတယ်။ ဆရာတွေကလည်း တစ်ခါတည်း အပြတ်ပြောတယ်၊ သိပ္ပံဘာသာရပ်တွေဟာ အရမ်းတိကျတယ်၊ မင်းတို့တွေ ၏ရယ်၊ သည်ရယ်၊ ၌၊ မှာ၊ တွင်၊ ဝယ်၊ က ဘာမှမလွဲစေနဲ့ တစ်လုံးလွဲရင် (သုည)၊ ကျွန်တော်တို့ ကလေးဘဝတည်းက တွေ့ခဲ့ကြတယ်။ အဲဒါနဲ့ပဲ ၁၉၇၉ လောက်ကျတော့ ထူးထူးခြားခြားပဲ ကာယကံရှင်က သူ့ရဲ့အမှားကိုသိသွားတယ်။ သူ့ကို တည့်တည့်ထိသွားတဲ့ ဖြစ်ရပ် တစ်ခုဖြစ်ပေါ်ပါတယ်။ ဒီ ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ထုတ်ပြန်ပြီး မြန်မာလိုသင်ကြ

ဆိုတဲ့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးကိုယ်တိုင်ရဲ့ သွေးရင်းသားရင်း သမီးပေါ့။ ပါရဂူဘွဲ့ယူဖို့ အင်္ဂလန်ကို သွားတဲ့အခါမှာ သူက အင်္ဂလိပ်စာတော့ အင်မတန်ကျွမ်းတယ်၊ စိန့်မက်သရစ် ကျောင်းထွက်ပြီးသနာက သိပ္ပံပညာတွေကို ဗမာလို၊ Technical Term တွေကို မြန်မာလိုသင်လာတဲ့ သူက ဟိုလည်းကျရော သူ့ Term သင်တာနဲ့ သူသိထားတာနဲ့ လွဲနေတယ်၊ အခက်အခဲတွေ အကြီးကြီး တွေ့သွားတယ်၊ အဲဒီကျတော့မှ ၁၉၈၃-၁၉၈၄ လောက်ကစပြီးတော့ Physics, Chemistry ဒီ Bio တွေကို အင်္ဂလိပ်လို သင်စေသတည်းလို့ ဖြစ်သွားပါတယ်။ သို့သော် စာစစ်အဖွဲ့ရဲ့ မြားဆိပ်ကတော့ ဦးနှောက်ထဲမှာ ရောက်သွားပါတယ်။ သိပ္ပံဘာသာရပ်နဲ့ ပတ်သက်တာအားလုံး၊ တစ်လုံးမှ မလွဲစေနဲ့ အရမ်းတိကျတာမို့ အဓိပ္ပာယ် သိသိ၊ မသိသိ ဂါထာရွတ်သလို အလွတ်သာ ရွတ်ပြီးတော့ ချရေးပေတော့ဆိုတဲ့ အမှားကြီး ဖြစ်ပေါ်လာတာပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေမှာ ဒီအမှားကြီးကို ပြင်ဆင်နိုင်ဖို့ ဥက္ကဋ္ဌကြီးက တစ်ဆင့် ကျွန်တော် ထည့်သွင်းလိုတာကတော့ တစ်ကမ္ဘာလုံးက တက္ကသိုလ်တွေကလက်ခံတဲ့ GCE (O)Level အမှတ်ပေးစည်းမျဉ်းများကို Online Website ပေါ်မှာလွှင့်တင်ထားပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာလို အမှတ်ပေးစည်းမျဉ်းက လျှို့ဝှက်အဆင့် မဟုတ်ပါဘူး။ တစ်ခုပဲရှိတာက ၂၀၁၁ ခုနှစ် ကစပြီး GCE (O)Level လို့ မခေါ်တော့ပါဘူး။ IGCSE - International General Certificate of Education လို့ ပြောင်းလိုက်ပါတယ်။ စာစစ်အဖွဲ့ကလည်း London အခြေစိုက် Edexcel ပညာရေး အဖွဲ့အစည်း၊ တစ်သီးပုဂ္ဂလအဖွဲ့အစည်းဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းမဟုတ်ဘူး။ နောက်တစ်ခုက Cambridge အခြေစိုက် University of Cambridge က ဖွင့်တဲ့ IGCE ဖြစ်ပါတယ်။ သူတို့ကလည်း ဒီလိုပဲ အစိုးရအဖွဲ့အစည်းမဟုတ်ပါဘူး။ လွတ်လပ်တဲ့အဖွဲ့အစည်းများ ဖြစ်ပါတယ်။ သို့သော် သူတို့က ကမ္ဘာကျော်တွေဖြစ်တယ်။ ကမ္ဘာမှာရှိတဲ့ နိုင်ငံတကာက အကုန်လုံးလက်ခံတဲ့ အဖွဲ့အစည်းများ ဖြစ်ပါတယ်။ သူတို့ရဲ့နိုင်ငံတကာအဆင့် အမှတ်ပေးစည်းမျဉ်းများကို ကိုးကား လေ့လာပြီးတော့ အမှတ်ပေးစည်းမျဉ်းများ ရေးဆွဲသင့်ကြောင်း စာစစ်ဥပဒေမှာ ထည့်သွင်းရေးဆွဲ ပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခက်အခဲတစ်ခုကတော့ ဆရာ၊ ဆရာမတွေရဲ့ ဦးနှောက်ထဲကို ရောက်သွားပြီဖြစ်တဲ့အတွက် စာစစ်အဖွဲ့ရဲ့ အလွတ်ကျက်မှတ်ရမယ်ဆိုတဲ့ မြားဆိပ်ပါပဲခင်ဗျား။ ကျွန်တော့်ကို ရှင်းလင်းတင်ပြခွင့် တစ်ခုပေးပါခင်ဗျား။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က GCE Physics ဆရာလိုအပ်တာနဲ့ Ph.D တက်နေတဲ့ တပည့်ဟောင်းတစ်ယောက်နဲ့တွေ့ခဲ့ပါတယ်။ ဆရာကြီးတဲ့ ကျွန်မက (၁၀)တန်းမှာတုန်းက ပုစ္ဆာတစ်ပုဒ် တွေ့လာရင် ဖတ်စာအုပ်ထဲက ဘယ်စာမျက်နှာမှာ ဘယ်နံပါတ်လို့ တန်းပြီးအလွတ်ရတယ်၊ အခု M.S.C မှာလည်း အဲဒီအတိုင်းပဲ ဖတ်စာအုပ်ထဲက ဘာတွေ၊ ဘာတွေအကုန်သိတယ်၊ Distinction တွေ၊ Credit တွေ အခုထိရတယ်လို့ ဂုဏ်ယူစွာ ပြောပါတယ်။ ဒါပေမဲ့ နှာခေါင်းရှုံ့ပြီးတော့ GCE ကျတော့ ဘာကျက်စာမှလည်းမမေးဘူး။ အမှတ်ပေး စည်းမျဉ်းကလည်း ကလေးတွေကို ဘာကျက်ခိုင်းလို့ ကျက်ရမှန်းကို မသိပါဘူးလို့ဆိုပြီးတော့ ပြောပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (၂) မိနစ် အပိုချိန် ထပ်ပေးမယ်။ (၂)မိနစ်အတွင်း လိုရင်းကို နည်းနည်း ပြောပါ။ ဒီ ဥပဒေကို ဆွေးနွေးပါ။

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အဲဒီတော့ တချို့အချက်တွေတော့ ဒါဆိုရင် ကျွန်တော် ကျော်လိုက်ပါမယ်။ အဓိက ကျွန်တော် စာစစ်အဖွဲ့ရဲ့ဥပဒေကြီးတစ်ခုလုံးပေ့ါ။ ကျွန်တော်တို့က ထောက်ပြပြင်ဆင်ချင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အချိန်လိုအပ်ခြင်းဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးကို ကျွန်တော်က တောင်းပန်ပါတယ်။ သို့သော် အခု ကျွန်တော် နိဂုံးချုပ်ပါမယ်။ နိဂုံးချုပ်ဖို့အတွက်ကတော့ မူလဥပဒေဟောင်းမှာ ပုဒ်မ ၃ မှာ မြန်မာနိုင်ငံစာစစ်အဖွဲ့ကို ဖွဲ့စည်းတဲ့အခါမှာ ပညာရေးဝန်ကြီးတစ်ဦးတည်း သြဇာလွှမ်းမိုးတဲ့ ဥက္ကဋ္ဌအပါအဝင် ပညာရေးဌာနက လက်ရှိဝန်ထမ်းများနဲ့သာ ဖွဲ့စည်းထားမယ်ဆိုရင် နဂိုအတိုင်းပဲ ဘာမှပြောင်းမှာမဟုတ်ဘူး။ မြန်မာနိုင်ငံစာစစ်အဖွဲ့များဟာ ဘာသာရပ်နဲ့ သင်ရိုးကို ကမ္ဘာ့အဆင့်မီ ကျွမ်းကျင်သူများဖြင့်သာ ဖွဲ့စည်းရမှာဖြစ်တဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးသိမ်းဆွေ(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏

အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံပေးပါရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေ မှ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ၏ အစီရင်ခံစာ ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၁း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]